မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန်သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၁၁၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်အထက် လေးပေခန့် (၁၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေ

နေပြည်တော် အောက်တိုဘာ ၁၀

ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**

အားလုံးမျှော်လင့်နေကြသည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးခရီး ဆောင်းပါး စာ ၆

မဃဒေဝလင်္ကာသစ်ကြီး နှစ် ၁၂၀ ပြည့် ဆောင်းပါး စာ ၁၀

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ ပြည်တွင်းသတင်း စာ ၁၅

# ပိုမို၍ထိရောက်စွာဆောင်ရွက်

နိုင်ငံ့စီးပွားရေး မောင်းနှင်အားကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန်လိုအပ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၃) တွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများ အမြစ်တွယ်ကြီးထွားနေခြင်းသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဝင်ကုန်သွယ်မှုများကို ကြီးမားလှစွာသော အနှောင့်အယှက်အဟန့်အတားပင်ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်သွားသည်အထိ တိုက်ဖျက်သွားရမည်ဖြစ်သည်။

"နိုင်ငံတိုင်းတွင် တရားမဝင်ကုန်သွယ်မှုများ ရှိသော်လည်း မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများသည် ခေတ်အဆက်ဆက်ကျယ်ပြန့်စွာ အမြစ်တွယ်ကြီးထွားနေသည့်အတွက် ယင်းကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် မဆောင်ရွက်နိုင်ပါက နိုင်ငံ၏စီးပွားရေးကို ထိခိုက်သည့်အပြင် မိမိတို့ဆောင်ရွက်နေသည့် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ ထိခိုက်စေပါကြောင်း။" ဖြင့်လည်း ဦးဆောင်ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ တရားမဝင်ကုန်သွယ်မှုသည် မိမိတို့နိုင်ငံတွင် စီမံကိန်းချစီးပွားရေးစနစ်ကျင့်သုံးခဲ့သည့်ခေတ်အတွင်း ကြီးကြီးမားမား၊ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ရာ မှောင်ခိုကုန်သွယ်မှုအဖြစ် လူသိများခဲ့သည့် အဆိုပါတရားမဝင်လုပ်ငန်းတွင် ဌာနဆိုင်ရာအချို့မှ အကျင့်ပျက်ဝန်ထမ်းများပါ ပါဝင်ပတ်သက်ခဲ့ကြသည်ကို တွေ့ရသည်။ ခေတ်အဆက်ဆက်တွင် အမြစ်တွယ်ကြီးထွားခဲ့သည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အားနည်းချက်များကို ဖြည့်ဆည်းပြီး မဖြစ်မနေသန္နိဋ္ဌာန်ဖြင့် ပိုမို၍ထိရောက်စွာ ဆောင်ရွက်သွားရမည် ဖြစ်သည်။

ယခုအခါ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ဆောင်ရွက်ချက်ဖြင့် တစ်နှစ်ထက်တစ်နှစ်ပို၍ ဖမ်းဆီးအမှုတွဲနှင့် ဖမ်းဆီးရမိတန်ဖိုးများ ပိုမိုဆောင်ရွက်နိုင်သည့်တိုင်အောင် တရားမဝင်ကုန်သွယ်မှုမှာ လျော့နည်းပပျောက်သွားခြင်းမရှိသည်ကို တွေ့ရသည်။ ဤသည်မှာ တရားမဝင်ကုန်သွယ်သူများအနေဖြင့် ဖမ်းဆီးမှုများ ရှိနေသော်လည်း ဆက်လက်လုပ်ကိုင်မြဲဖြစ်ပြီး ဥပဒေ၏ အားနည်းချက်အပေါ်တွင် အသုံးချ၍ တရားမဝင်ကုန်သွယ်မှု ဆက်လက်ရှင်သန်နေခြင်းဟု ယူဆဖွယ်ရှိသည်။ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထူးခြားဖြစ်စဉ်အနေဖြင့် တရားမဝင် ပြောင်းဆန်တင်ပို့မှုများကို ဖော်ထုတ်နိုင်ခဲ့ပြီး ရထား၊ ရေယာဉ်၊ မော်တော်ယာဉ်များဖြင့် တရားမဝင်ပို့ကုန်အဖြစ် တင်ပို့ရန်ကြိုးပမ်းခဲ့သည့် ပြောင်းစေ့တန်ချိန် ၄၆၀၀ ခန့်၊ ကာလတန်ဖိုးကျပ် ၂ ဒသမ ၉ ဘီလီယံကျော်ကို သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကောင်းများ၏ ကြိုးပမ်းမှုအရ တားဆီးဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့်အထောက်အထားမဲ့ ပစ္စည်းများသည် ပြောင်းစေ့များဖြစ်ပြီး ပျက်စီးလွယ်သည့် ပစ္စည်းများဖြစ်ခြင်းကြောင့် ဥပဒေအရ အမြန်ဆုံးအရေးယူနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပစ္စည်းများကိုမပျက်မစီးဘဲ ထုခွဲရောင်းချနိုင်ခဲ့သည်။ စနစ်တကျဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မူလခန့်မှန်းသည့်ငွေပမာဏထက် ပိုမိုရရှိပြီး နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေခဲ့သည်။ တရားမဝင်ကုန်သွယ်မှုသည် သွင်းကုန်ပိုင်းမှာသာမက ပို့ကုန်ပိုင်းမှာပါရှိနေခြင်းဖြစ်ရာ အထူးအဖွဲ့များက ယခင်ထက်ပို၍ စေ့စေ့စပ်စပ်ဖော်ထုတ်ဖမ်းဆီးရန်လည်း ဦးဆောင်ကော်မတီဥက္ကဋ္ဌက မှာကြားခဲ့သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအတွက်ပါ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ရာ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက အလေးအနက်ထားကာ ပိုမိုကြိုးပမ်းထမ်းရွက်ကြရပါမည့် အကြောင်း။ ။





## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လက်တွဲမဖြုတ်တမ်း လျှောက်လှမ်းစို့လေ အင်န်စီအေ

❂ စည်းလုံးညီညီ၊ မခွဲပြီဟု
ပြည်သာယာမှု၊ စဉ်ရှေးရှု၍
ပေါင်းစုမကြာ၊ တည်ထောင်ပါကြ
သာစွရွှေပြည်၊ ရောက်စေရည်ကာ
အင်န်စီအေခေါ်၊ လမ်းကြောင်းပေါ်သို့
တွဲခေါ်လက်ချင်း၊ အပစ်ရပ်ခြင်းဖြင့်
ပြည်တွင်းငြိမ်းချမ်း၊ မြတ်သောလမ်းဝယ်
လက်ကမ်းတူလျှောက်၊ ခရီးပေါက်ခဲ့။

❂ တွက်စစ်ခုခါ၊ ရှစ်နှစ်ကြာဟု
ချိန်ခါရောက်တိုင်၊ မယိမ်းယိုင်ဘဲ
ခိုင်ကျည်စိတ်ဓာတ်၊ ရင်ချင်းအပ်၍
မြင့်မြတ်စိတ်ထား၊ ပြန်လှန်ထားကာ
မခြားတူညီ၊ အင်န်စီအေဆီ။

❂ နိုင်ငံ့အရေး၊ ပြည့်အရေးကို
ချင့်တွေးစိတ်စော၊ ပြုသဘောနှင့်
နီးနှောပါမှ၊ စိတ်အေးရလိမ့်
များစွပြည်သူ၊ ပူပင်ကင်းစွ
ငြိမ်းချမ်းကြအောင်၊ ကြိုးပမ်းဆောင်လျက်
မပျက်လျှောက်လှမ်း၊ အင်န်စီအေလမ်းကို
မျှော်မှန်းခိုင်ကျည်၊ အရှည်တည်ဖို့
ညီညာတွဲလက်၊ တူချီတက်စို့။

❂ ခြေတည်ရင်းပြု၊ ယုံကြည်မှုဖြင့်
ပေါင်းစုညီညာ၊ ပြည်ရွာအရေး
အေးချမ်းသာစေ၊ မတွေဝေဘဲ
ခိုင်မြဲတည်ကြည်၊ သွေးစည်းညီလျက်
ရှေ့ဆီဆက်ကာ၊ လျှောက်လှမ်းပါစို့။

❂ ဒီမိုကရေစီ၊ ဖက်ဒရယ်တည်ဖို့
တူညီစိတ်ထား၊ နိုင်ငံသားတို့
အားထားမျှော်နေ၊ အင်န်စီအေကို
မသွေလိုက်နာ၊ မခွာတွဲလက်
အဖျက်ရန်များ၊ မှုမထားဘဲ
သွေးသားချင်းချင်း ပခုံးချင်းထပ်
ရင်ချင်းအပ်၍
မပြတ်လုံ့လ၊ ဝီရိယနှင့်
နေ့ညအစဉ်၊ သတိယှဉ်လျက်
ချစ်ခင်လက်တွဲ ထိန်းသိမ်းစို့...။

**ဘိုမျိုး(ရွှေဘို)**

(NCA ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုလျက်)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အမှားကို အမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့် မီဒီညာ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲ ဇာတ်လမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများတွင် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးရန်လို”

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ကြိုးပမ်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ် သတ်မှတ်ထားသော်လည်း နိုင်ငံတော်က လက်ရှိဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထည့်သွင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

> ❖ **လွတ်လပ်ရေးနေ့အခမ်းအနားသည် ပုံမှန်ကျင်းပနေသည့် အခမ်းအနားဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လို**
>
> ❖ **ယခင်ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ နိုင်ငံတော်အဆင့် အခမ်းအနားများ၏ အားသာချက် အားနည်းချက်များကို သင်ခန်းစာရယူပြီး ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လိုအပ်ချက်များမရှိအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်**

**လုံခြုံရေးကိစ္စကို လစ်ဟာမှုမရှိစေရန် အထူးအလေးထား**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကိုလည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အတွေ့အကြုံကောင်းများလည်း ရရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်လွတ်လပ်ရေးနေ့အခမ်းအနားကို ပုံမှန်အတိုင်း နံနက်ပိုင်းတွင် အလံတင်အခမ်းအနား၊ နေ့လယ်ပိုင်းတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ခြင်းနှင့် ညပိုင်းတွင် ညစာစားပွဲအခမ်းအနားတို့ဖြင့် အပိုင်းသုံးပိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားသည် ပုံမှန်ကျင်းပနေသည့် အခမ်းအနားဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထူးသဖြင့် လုံခြုံရေးကိစ္စကို လစ်ဟာမှုမရှိစေရန် အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တက်ရောက်လာကြသူအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်နေထိုင်မှုများဖြစ်စေရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ နိုင်ငံတော်အဆင့် အခမ်းအနားများ၏ အားသာချက် အားနည်းချက်များကို သင်ခန်းစာရယူပြီး ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လိုအပ်ချက်များမရှိအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ ညစာစားပွဲ အလှပြ Drone လွှတ်တင်ဖျော်ဖြေရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ၊ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**စာပေဟောပြောပွဲများကို ကျင်းပပြုလုပ်ပေး**

ထို့နောက် ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများတွင် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးရန်လိုကြောင်း၊ ထို့ပြင် လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သည့် စာပေဟောပြောပွဲများကိုလည်း ကျင်းပပြုလုပ်ပေးသွားရန် လိုကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါရှိစေရေး၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဘက်ပေါင်းစုံ လစ်ဟာမှုမရှိစေရေးနှင့် လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဖျော်ဖြေကပြကြမည့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန (၂) တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။



ထိုအခမ်းအနား၌ ပြည်နယ် (၇) ခုမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်ရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များသည် အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်သို့ ရောက်ရှိကြရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်ပြီး စာပေနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များ၏ ကျန်းမာရေး ကိစ္စရပ်များအတွက် ဆေးပေးခန်း၊ လိုအပ်သည့် ဆေးဝါးများ ထားရှိမှုအခြေအနေများနှင့် ဧည့်ခံကျွေးမွေးမည့် စားရိပ်သာအတွင်း အစားအသောက်များ သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးနေလင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

## ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)၌ ငါးမျိုးစိတ်များခွဲခြားအမည်ပေးနည်း သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) ၌ ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းကို အောက်တိုဘာ ၉ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းနှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အပြီးသတ်ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အပြီးသတ် စိစစ်လေ့လာဆွေးနွေးကြပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတွင် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ဖြည့်စွက်ရန် လိုအပ်သည့်အချက်များတွေ့ရသဖြင့် ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြင်ဆင်လိုသည့် ပုဒ်မများကို အပြီးသတ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂ ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြို့နယ်ရှိ ဇလက်ထော်ရေလှောင်တမံ၏ ရေပိုလွှဲအထွက်ဘက်အပိုင်းရှိ ရေကျအဆောက်အအုံထိခိုက်မှုအား အရေးပေါ်ပြုပြင်ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၀**



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းတွင် မိုးသည်းထန်စွာရက်ဆက်ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေ စံချိန်တင်မြင့်တက်ခဲ့ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်ရောက်မှု များပြားခဲ့ခြင်းတို့ကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လျက်ရှိရာ ဆည်တမံများထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့နယ်သို့ သွားရောက်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့နယ်ရှိ ဇလက်ထော်ရေလှောင်တမံသည် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိပြီး အောက်တိုဘာ ၈ ရက်မှစ၍ ရေပိုလွှဲအထက် ရေတစ်ပေခန့်ပုံမှန် ကျော်လွန်စီးဆင်းရာမှ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့ခြင်းကြောင့် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းမှစ၍ ရေပိုလွှဲပေါ်မှ ရေအမြင့် ၃ ဒသမ ၉ ပေအထိ ရေကျော်စီးဆင်းခဲ့ပြီး ပင်မရေပိုလွှဲ၏ အထွက်ပိုင်းရှိ ရေကျအဆောက်အအုံ ရေတိုက်စားထိခိုက်မှု ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ ဒုတိယဝန်ကြီးဦးဆောင်သော ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပင်မရေပိုလွှဲအဆောက်အအုံ ထိခိုက်မှုမရှိစေရန်နှင့်ရေလှောင်တမံ ထိခိုက်ပျက်စီးမှု မဖြစ်စေရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

**ယာယီရေတားတမံပြုလုပ်**

အဆိုပါဖြစ်စဉ်တွင် ရေပိုလွှဲအထွက်ဘက်ပိုင်းရှိ ရေကျအဆောက်အအုံသာ ထိခိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ပင်မရေပိုလွှဲနှင့် ရေလှောင်တမံတို့မှာ ထိခိုက်ပျက်စီးမှုလုံးဝမရှိကြောင်း၊ ထိခိုက်ပျက်စီးမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ပင်မရေပိုလွှဲအထွက်ဘက်ပိုင်းတွင် ကျောက်ကြီးများနှင့် ကျောက်ခြင်းများချထားကာကွယ်ခြင်း၊ ပင်မရေပိုလွှဲအထက်ဘက်ပိုင်းတွင် ယာယီရေတားတမံပြုလုပ်ခြင်း၊ ပင်မရေပိုလွှဲအောက်ပိုင်းအား ရေတိုက်စားမှုဒဏ်ခံနိုင်ရေးအတွက် အရေးပေါ်ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် အရေးပေါ်အခြေအနေတွင် ရေကိုလွှဲထုတ်နိုင်ရန် အရေးပေါ် ရေပိုလွှဲအဖြစ် အသုံးပြုနိုင်မည့် ရေလွှဲမြောင်းတစ်ခုကို လျာထား သတ်မှတ်ထားရှိပြီး အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက အသုံးပြုနိုင်ရေး ကြိုတင်လျာထားခြင်းဖြစ်ကြောင်း သိရသည်။

**စိုးရိမ်ဖွယ်ရာမရှိ**

လက်ရှိ အခြေအနေတွင် ရေလှောင်တမံသည် လုံးဝထိခိုက်မှုမရှိဘဲ ပင်မရေပိုလွှဲ၏ အထွက်ပိုင်းကို ရေတိုက်စားဒဏ်ခံနိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် ကျောက်ကြီးများ စုဆောင်းခြင်း၊ ကျောက်ကြီးများ ချထားခြင်း၊ ကျောက်ခြင်းများချထား ကာကွယ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိတွင် မိုးရွာသွန်းမှု မရှိတော့သည့်အတွက် ဇလက်ထော် ရေလှောင်တမံ၏ တမံရေအမှတ်များ လျော့နည်းကျဆင်းလာနေပြီ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဇလက်ထော် ရေလှောင်တမံအနေဖြင့် စိုးရိမ်ဖွယ်ရာ မရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် ပဲခူးမြို့တို့ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျောက်ကုတင်ကျေးရွာအုပ်စု ကဒစ်ကျေးရွာ၊ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာနှင့် တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအုပ်စု စပါးကိုင်းကျေးရွာတို့၌ အောက်တိုဘာ ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်သည့် နေရာများနှင့် ယာယီကယ်ဆယ်ရေး စခန်းများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းခြင်း၊ မော်တော်ယာဉ်များ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့တွင် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့် ပြည်သူများအား ယာယီ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြို့၏စိုးရိမ်ရေအမှတ်အထက် ၁၁၉ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပလက်ဝ- ကျောက်တော် သင်္ဘောခရီးစဉ် တစ်ရက်ခြားပုံမှန်ပြေးဆွဲပေးခြင်းဖြင့် ခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးအဆင်ပြေ

ပလက်ဝ အောက်တိုဘာ ၁၀

ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်သို့ ပြေးဆွဲပေးလျက်ရှိသော သင်္ဘောခရီးစဉ်သည် တစ်ပတ်နှစ်ကြိမ်ပြေးဆွဲပေးရာမှ အောက်တိုဘာ ၄ ရက်မှစ၍ တစ်ရက်ခြား ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ သင်္ဘောခရီးစဉ်ကို တစ်ရက်ခြားပုံမှန်ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူ ခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၉၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မိမိမော် အား မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၉၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်နှင်းထွေး အား မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း ပြောကြားခြင်းတို့ကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေး မှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာန အကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင် နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် လျှပ်စစ်မန်နေဂျာများနှင့် ခရိုင်လျှပ်စစ် အင်ဂျင်နီယာ များက ခရိုင်နှင့် မြို့နယ်များအတွင်း လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက်ဓာတ်အား တိုးတက်သုံးစွဲလာမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားခများ ကောက်ခံရရှိမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လိုအပ် ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အား ထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ် ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်သော လျှပ်စစ် ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ် တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းဖေ ပဲခူးမြို့၌ ပဲခူးမြစ်ရေကြီးမှုကြောင့် ယာဉ်များ သွားလာမှုနှင့် ယာဉ်လမ်းကြောင်း ပြတ်တောက်မှုမရှိစေရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေ သည် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန် – မန္တလေးအမြန်လမ်း ၃၉ မိုင် ဘောနက်ကြီး Rest Camp တွင် ပဲခူးမြစ်ရေကြီးမှုကြောင့် ရပ်နား ထားသည့်ယာဉ်များ လိုရာခရီးသွားလာနိုင်ရေး၊ ယာဉ်များပိတ်ဆို့ မှုမရှိစေရေးနှင့် ယာဉ်လမ်းကြောင်း များ ပြတ်တောက်မှုမရှိစေရေးအတွက် လိုအပ်သည် များ ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရန်ကုန် – မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၄၅/၂ နှင့် ၄၅/၃ ကြားတွင် ရေတိုက်စား ခံရပြီး ကမ်းကပ်ခုံလဲကျသွားသည့် ကြက်ချောင်း လက်တက်တံတား ပြင်ဆင်ဆောင်ရွက်နေမှုအခြေ အနေအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်– မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၃၇/၁ နှင့် ၃၇/၂ အကြားရှိ အရှည်ပေ ၂၄၀ စစ်ပင်ဆိပ်တံတား ကြံ့ခိုင် မှု၊ မိုင်တိုင်အမှတ် ၁၃/၄ နှင့် ၁၃/၅ အကြားရှိရိုးချောင်း တံတား ရေစီးဆင်းမှု၊ မိုင်တိုင်အမှတ် ၁၂/၀ နှင့် ၁၂/၁ အကြားရှိ ဖောင်ကြီးခုံးကျော် Under Pass ရေကျော် နေမှု၊ မိုင်တိုင်အမှတ် ၁၁/၇ နှင့် ၁၂/၀ အကြားရှိ ငမိုးရိပ်မြောင်တံတား ရေစီးဆင်းနေမှု၊ မိုင်တိုင်အမှတ် ၁၁/၂ နှင့် ၁၁/၃ အကြားရှိ ငမိုးရိပ်တံတား ကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

**မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်**

**နေပြည်တော် အောက်တိုဘာ ၁၀** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက် တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသ များတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

## (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ်၊ မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် အဖြစ် (၃၆)ကြိမ်မြောက်သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ ပွဲအတွက် စေတနာရှင်များက အလှူငွေများ စတင်ပေးအပ် လှူဒါန်းကြရာ ဒေါပုံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၈၃၀၀၀၊ မှော်ဘီမြို့နယ် စာရေး ဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင် ကောက်)နှင့် တွဲဖက်အတွင်းရေး မှူးများက လက်ခံရယူပြီး ကျေးဇူး တင်စကား ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူ ပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း ၀၁–၂၅၂၄၁၇၊ ၀၉– ၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အားလုံးမျှော်လင့်နေကြသည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးခရီး

မောင်ငြိမ်းအေး

**မြန်မာနိုင်ငံ လွတ်လပ်ရေးကို အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီးမှ ရရှိလာခဲ့ခြင်းဖြစ်သည်။ နိုင်ငံအချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်း အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ နိုင်ငံတည်ဆောက်ရေးအတွက်လည်း ဘဝပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ ဤသို့ခက်ခဲစွာ ပေးဆပ်ရင်းနှီး၍ တည်ဆောက်ထားရသည့် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းပြီး အေးချမ်းသာယာဝပြောအောင် အားလုံးပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင်အောင် ဖြစ်ပွားနေဆဲဖြစ်၍ ငြိမ်းချမ်းရေးအတွက် စိတ်မအေးဖွယ်ဖြစ်မည်။**

> ❑ **NCA သည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသောစာချုပ်ဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသောစာချုပ် ဖြစ်သည်။ စာချုပ်ချုပ်ဆိုစဉ်က ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ အကြီးအကဲများ၊ သံတမန်များ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါဂုဏ်သရေရှိစွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ NCA စာချုပ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee - UPDJC)တွင် ညှိနှိုင်းဆွေးနွေးပြီး "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (Framework for Political Dialogue) ကိုလည်း ရေးဆွဲချမှတ်ခဲ့သည်**

ငြိမ်းချမ်းရေးသည် အားလုံး၏ မျှော်လင့်ချက်၊ အားလုံး၏ဆန္ဒဖြစ်သည်မှာ မေးခွန်းထုတ်စရာပင်လိုမည်မထင်။ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး မငြိမ်းချမ်းသည့်နိုင်ငံဟုပင် ဆိုချင်ဆိုနိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိခဲ့ကြသော်လည်း ရန်ကို ရန်ချင်းတုံ့နှင်းခြင်း၏ အဆုံးမသတ်နိုင်မှုနှင့် တည်ငြိမ်အေးချမ်းခြင်း၏တန်ဖိုး အကျိုးရလဒ်တို့ကို သိရှိနားလည်လာကြသဖြင့် နှစ်ဖက်ပြေအေးငြိမ်းပြီး ငြိမ်းချမ်းရေးကို ဆောလျင်စွာယူကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနိုင်ငံများသည် ယနေ့ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာဝပြောမှု အသီးအပွင့်များကို ခံစားနေကြရပြီဖြစ်သည်။

### ငြိမ်းချမ်းရေးရောင်ခြည်

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ခေတ်အဆက်ဆက်အစိုးရများက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ခြင်း၊ နိုင်ငံရေးသဘောဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်း စသည့်နည်းလမ်းအမျိုးမျိုးဖြင့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့သော်လည်း ငြိမ်းချမ်းရေးခရီးနှင့်အလှမ်းမနီးခဲ့ပေ။ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ငြိမ်းချမ်းရေးရောင်ခြည် စတင်သန်းလာခဲ့သည်။

နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ ငြိမ်းချမ်းရေးပထမခြေလှမ်းအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်ခုကို ရေးဆွဲခဲ့သည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နှစ်နှစ်နီးပါးကြာ အချိန်ယူရေးဆွဲခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အပြီးသတ်အတည်ပြုခဲ့သည်။

ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရမှ ဖိတ်ကြားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့အနက် ရှစ်ဖွဲ့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့၌ NCA စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသဖြင့် ယခုအခါ NCA တွင် လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီဖြစ်သည်။

### နိုင်ငံရေးဆွေးနွေးမှုမူဘောင်

NCA သည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသောစာချုပ်ဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသောစာချုပ်ဖြစ်သည်။ စာချုပ်ချုပ်ဆိုစဉ်က ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ အကြီးအကဲများ၊ သံတမန်များ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါဂုဏ်သရေရှိစွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ NCA စာချုပ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC) တွင်ညှိနှိုင်းဆွေးနွေးပြီး "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (Framework for Political Dialogue) ကိုလည်း ရေးဆွဲချမှတ်ခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် အခြေခံမူများအဖြစ် "မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာစွာ ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရေး၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရေး"ဟူ၍ ဖော်ပြထားသည်။

### ရလဒ်ကောင်းများရရှိနေ

ထို့အပြင် ဦးတည်ချက်နှင့် ရည်ရွယ်ချက်များကဏ္ဍတွင် "ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြားပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေးဆွေးနွေးရေးမူဘောင်ပေါ်တွင်အခြေခံ၍ ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို စတင်ရန်" ဟူ၍ ဖော်ပြထားပါသည်။ အထက်ပါ ဦးတည်ချက်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ စတင်ပြုလုပ်ခဲ့ပါသည်။ ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက်၊ အဖွဲ့အစည်းအလိုက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိနေပြီဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးခဲ့သည့် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ NCA သည် ပြည်တွင်း/ ပြည်ပ အသိသက်သေများရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်တစ်ခုဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိသည့် အရေးကြီးသည့်စာချုပ် ဖြစ်သည်။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် ရေးရှုဦးတည်ထားသောစာချုပ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံကျသည့်စာချုပ် ဖြစ်သည်။ NCA သည် နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ရေးဆွဲထားသည့်စာချုပ်ဖြစ်၍ NCA မူဘောင်နှင့်အညီ ငြိမ်းချမ်းရေးကို အလေးထား ဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်သည်။

### သဘောထားကွဲလွဲမှုများ

ပဋိပက္ခဟူသည် သဘောထားကွဲလွဲမှု၊ ယုံကြည်ချက်ကွဲလွဲမှုတို့ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဋိပက္ခများဖြစ်ပေါ်ခဲ့ခြင်း အကြောင်းရင်းများတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများနှင့် ဘာသာရေးအရ သဘောထားကွဲလွဲမှုများကြောင့်ဖြစ်ပေါ်လာသည်ဟု သုံးသပ်တွေ့ရှိထားသည်။ နိုင်ငံရေးအရ သဘောကွဲလွဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ ကတည်းက ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့သည်။

နိုင်ငံရေးအယူအဆ ကွဲပြားမှုကြောင့် ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့သည်။ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ တိုင်းရင်းသားရေးအရ ပေါ်ပေါက်လာသော လက်နက်ကိုင် ပဋိပက္ခများသည် နယ်ချဲ့တို့ထားရစ်ခဲ့သောဆိုးမွေတစ်ခုဟု ဆိုနိုင်သည်။

*စာမျက်နှာ ၇ သို့*

> ❍ **"ဒေသတွင်းရှိ ပြည်သူလူထုမှ အစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့် သဘောထားများရှိရန်လိုအပ်ပြီး မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာန တပ်ဖွဲ့ဝင်များအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်**

## များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့

❖ တိုင်းရင်းသားချင်း၊ **စည်းလုံးခြင်းဖြင့်** . . .
သွေးသားချင်းချင်း၊ **ချစ်ကြည်ခြင်းဖြင့်** . . .
ညီနောင်ချင်းချင်း၊ **နားလည်ခြင်းဖြင့်** . . .
မိသားစုချင်း၊ **ခွင့်လွှတ်ခြင်းဖြင့်** . . .
**ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာ** တို့
မြန်မာပြည်သူ၊ ဆောင်ကြဉ်းယူလျက်
**များလူခပ်သိမ်း**
**ငြိမ်းချမ်းစေဖို့ ကြိုးပမ်းစို့။**

❖ အညာ အကြေ၊ တောင်ပေါ် မြေပြန့်
ဒေသ မခြား ၊ ဒို့သွေးသားတို့
သွားလမ်းလည်း သာ၊ လာလမ်းလည်းဖြောင့်
အမှောင့်လည်း ကင်း၊ အေးချမ်းခြင်းကို
**မြူကင်း တိမ်ဖယ်၊ အမြင်ကျယ်** လျက်
ရင်ဝယ် ထက်သန်၊ ဆန္ဒမှန်ဖြင့်
**မြန်ပြည်ခပ်သိမ်း**
**ငြိမ်းချမ်းစေဖို့ ကြိုးပမ်းစို့။**

❖ ဒီမြေမှာ နေ ၊ ဒီရေကို သုံး
ဒို့အားလုံးသည်
နှလုံး ကြည်စွာ ၊ အပြုံး ညီညာ
ဒို့ပြည် ဒို့အမျိုး ၊ ရေရှည် အကျိုးတွက်
ကြိုးပမ်းကြစို့ ငြိမ်းချမ်းဖို့ ။

❖ အို . . . ချစ်ဆွေငဲ့
ချစ်ခြင်းတရားနဲ့ ပြည်ထောင်စု ကို
ရည်ဆောင်လို့
တည်ထောင်စို့
ညီနောင်တို့ ။ ။

မျိုးမြတ်မြတ်မြင့်မောင်

*("NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့" ရည်မျှော်ဂုဏ်ပြု စပ်ဆိုပါသည်။)*

---

*စာမျက်နှာ ၆ မှ*
ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့် ပတ်သက်၍ အာဏာခွဲဝေပေးထားပြီး ဖြစ်၍ တိုင်းရင်းသားရေးနှင့်ပတ်သက်ပြီး ခွဲခြားမှုမရှိသည်ကို တွေ့နိုင်ပေသည်။ ဘာသာရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း အတိအကျပြဋ္ဌာန်းထားသည်။

**ဖက်ဒရယ်စနစ်ကျင့်သုံး**

ထို့ကြောင့် ဘာသာရေး၊ နိုင်ငံရေး၊ လူမျိုးရေးတို့နှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွတ်တော်လမ်းကြောင်းပေါ်သို့ အားလုံးပါဝင်ရောက်ရှိလာရန်နှင့် မိမိတို့၏ လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆိုခြင်းဖြင့် ရယူနိုင်ကြပေသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဖက်ဒရယ်စနစ်ကို အခြေခံ တည်ဆောက်ထားကြသည်။ ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကို အခြေခံသည့် ဖက်ဒရယ်စနစ်နှင့် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ဟူ၍ ရှိသည်ဟု သိရှိရသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ဆောင်ရွက်ရာတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်းသည်သာလျှင် မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံးဖြစ်သည်ဟု လေ့လာတွေ့ရှိနိုင်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒေသအရေး တောင်းဆိုမှုအားနည်းသည်ကို လေ့လာတွေ့ရှိရသည်။ ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် လူတစ်စုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ မဖြစ်သင့်ဘဲ ဒေသကိုကိုယ်စားပြုသည့် အဖွဲ့အစည်းများအဖြစ်သာ လျော်ကန်သင့်မြတ်ပေသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဟု အတိအလင်း ပြောကြားထားသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး၏ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်မည့်နေ့ရက်ကို အားလုံးက မျှော်လင့်လျက်ရှိသည်။

**လွတ်လပ်ရေးဆုံးရှုံးခြင်းပင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ အများပြည်သူဆန္ဒဖြင့် ဒီမိုကရေစီစနစ် ပေါ်ထွန်းလာခြင်းဖြင့် တိုင်းရင်းသားပြည်သူများ အခွင့်အရေးများကို လွှတ်တော်စင်မြင့်တွင် ဆွေးနွေးအဖြေရှာရယူနိုင်မည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လူပုဂ္ဂိုလ်ကို ဦးစားပေး၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတွင် မဖြစ်သင့်သည့်ကိစ္စများ ပေါ်ပေါက်ခဲ့ရသည်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်း၌ နိုင်ငံအုပ်ချုပ်ရေးနှင့် စီးပွားရေးတွင် ပြည်သူများအား အသိပေးချမပြဘဲ ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များ ရယူဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့သည်။ ပြည်ပနိုင်ငံများ၏ ဩဇာအောက်သို့ မသိမသာရောက်ရှိနေခြင်းသည် တစ်နည်းအားဖြင့် နိုင်ငံ၏ လွတ်လပ်ရေးဆုံးရှုံးခြင်းပင်ဖြစ်သည်။

**"ဒေသတွင်းရှိ ပြည်သူလူထုမှ အစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့်သဘောထားများရှိရန်လိုအပ်ပြီး မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ဒေသခံများ၏အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနတပ်ဖွဲ့ဝင်များအား တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

**အားလုံးပါဝင်ဆောင်ရွက်**

မျက်မှောက်ကာလ၌ ဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က တည်ဆောက်ပေးထားသောလမ်း၊ တံတား စသည့်အဆောက်အအုံများနှင့် လူသားအရင်းအမြစ်များ ဖျက်ဆီးခံရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် ပဋိပက္ခများဖြစ်ပေါ်နေသည့်ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် ပညာသင်ကြားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ ထိခိုက်မှုများဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ပြေးညီခံစားခွင့်၊ တစ်ပြေးညီဖွံ့ဖြိုးခွင့် မရရှိသေးသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်က အဓိကအကြောင်းရင်း ဖြစ်ပေသည်။ တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေဒေသနှင့် တည်ငြိမ်အေးချမ်းမှု မရှိသည့် နယ်မြေဒေသများကို နှိုင်းယှဉ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေဒေသများတွင် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပေသည်။

**လှိုက်လှိုက်လှဲလှဲကြိုဆို**

ထာဝရငြိမ်းချမ်းရေးအတွက် NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည်မှာ (၈) နှစ်မြောက်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရန် စီစဉ်ထားကြောင်းသိရပြီး သမိုင်းဝင်အခမ်းအနားကြီးသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပါအဝင် နယ်ပယ်ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအပြင် ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များကိုလည်း အထူးဖိတ်ကြားထားသည်ဟု သိရသည်။

ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များအား ဖိတ်ကြားထားရာတွင် အချို့မှာ တက်ရောက်မည်ဟု အကြောင်းပြန်ကြားပြီး အချို့မှာ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ၎င်းတို့၏အဓိကကျသည့် ကိုယ်စားလှယ်များကို စေလွှတ်မည်ဟု လေးစားသမှုဖြင့် အလေးထားပြန်ကြားခဲ့သည်ဟုသိရသည်။ ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အလေးထားမှုရှိသည်ဆိုလျှင် ကာယကံရှင် အဓိကသက်ဆိုင်သူများအနေဖြင့် ပိုမိုအလေးထား တန်ဖိုးထားသင့်သည်ဟု ရှုမြင်ပါသည်။ အထူးသဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံး တက်ရောက်ရန်လိုအပ်ပြီး NCA တွင် လက်မှတ်မထိုးထားသည့် အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားပါက အခမ်းအနားသို့ တက်ရောက်လာမည်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်လင့်လျက်ရှိသည့် အိပ်မက်တစ်ခုပင်ဖြစ်သည်။ အားလုံးမျှော်လင့်နေကြသည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်သည်။ ယုံကြည်မှုများပျက်ပြားပြီး အမုန်းတရားများကြောင့် တိုင်းပြည်နှင့်လူမျိုးများစွာ နစ်နာခဲ့ရသည်။ ပြည်ထောင်စုကြီး၏ အနာဂတ်ကို မြော်တွေး၍ အားလုံး သံသယရှင်းရှင်း၊ အာဃာတကင်းကင်းဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရေးအတွက် ငြိမ်းချမ်းရေးခရီး သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

> ❂ **ပြည်ပနိုင်ငံများမှ ဧည့်သည်တော်များအား ဖိတ်ကြားထားရာတွင် အချို့မှာ တက်ရောက်မည်ဟု အကြောင်းပြန်ကြားပြီး အချို့မှာ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း ၎င်းတို့၏အဓိကကျသည့် ကိုယ်စားလှယ်များကို စေလွှတ်မည်ဟု လေးစားသမှုဖြင့် အလေးထားပြန်ကြားခဲ့သည်ဟု သိရသည်။ ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အလေးထားမှုရှိသည်ဆိုလျှင် ကာယကံရှင် အဓိကသက်ဆိုင်သူများအနေဖြင့် ပိုမိုအလေးထား တန်ဖိုးထားသင့်သည်ဟု ရှုမြင်ပါသည်။ အထူးသဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံး တက်ရောက်ရန်လိုအပ်ပြီး NCA တွင် လက်မှတ်မထိုးထားသည့် အဖွဲ့များ အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားပါက အခမ်းအနားသို့ တက်ရောက်လာမည်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုရမည် ဖြစ်သည်**

# ၂၀၂၃ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ညီလာခံကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

**မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း တိုးတက်ပြန့်ပွားစေရန်အတွက် ၂၀၂၃ ခုနှစ် (၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲဝင်အသင်းကိုယ်စားလှယ်များ၏ ခြင်းလုံးညီလာခံကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။**



ခြင်းလုံးညီလာခံသို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အထင်ရှားဆုံး ရိုးရာအားကစားနည်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ရိုးရာအားကစားနည်းများရှိကြသည့်နည်းတူ မြန်မာနိုင်ငံမှာလည်း ရိုးရာအားကစားနည်းများစွာရှိသည့်အနက် ခြင်းလုံးအားကစားနည်းသည် အထင်ရှားဆုံး ရိုးရာအားကစားနည်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရိုးရာခြင်းလုံးအားကစားနည်းကို ၁၉၂၇ ခုနှစ်တွင် စတင်ခတ်ကစားခဲ့ကြကြောင်း၊ ပထမအကြိမ် ရိုးရာခြင်းလုံးညီလာခံကို ရန်ကုန်မြို့၌ ၁၉၅၃ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပခဲ့ပြီး တစ်ပြည်လုံးမှ ကိုယ်စားလှယ် ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်းနှင့် ညီလာခံအပြီး ၁၉၅၃ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့ရာမှ အားကစားအသွင်အဖြစ်ပါ ပြောင်းလဲရောက်ရှိလာခဲ့သည်ကို တွေ့ရှိခဲ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် သက်တမ်း နှစ် ၇၀ အတွင်း ရိုးရာခြင်းလုံး ညီလာခံကို အချို့နှစ်များတွင် မကျင်းပနိုင်ခဲ့သော်လည်း ယခု (၄၄)ကြိမ်မြောက် ညီလာခံကို ပြန်လည်ကျင်းပနိုင်ခဲ့ပါကြောင်း၊ ရိုးရာခြင်းလုံးညီလာခံတွင် ခြင်းလုံးအားကစားနည်းနှင့် ပတ်သက်သည့် ဥပဒေ/နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ ပြိုင်ပွဲကျင်းပသည့်စနစ်၊ အမှတ်ပေးစနစ်နှင့် ခြင်းပေါက်သတ်မှတ်ချက်များကို လိုအပ်သလို ဆွေးနွေးပြင်ဆင်ကြသည့်အတွက် ရိုးရာခြင်းလုံးညီလာခံများသည် ခြင်းလုံးလောကအတွက် အလွန်အရေးပါကြောင်း။

**ရွှေတံဆိပ်ဆုများစွာရယူပေးနိုင်ခဲ့**

ခေတ်အဆက်ဆက် ခြင်းလုံးပညာရှင်ကြီးများက ရိုးရာခြင်းလုံးအားကစားနည်း မတိမ်ကောမပပျောက်သွားစေရန် ဝိုင်းဝန်းထိန်းသိမ်းပြီး ပိုမိုပြန့်ပွားတိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ကြသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး မြန်မာ့ခြင်းလုံးအားကစားနည်းကို သရုပ်ပြခတ်ကစားခဲ့ကြသည့်အတွက် နိုင်ငံတကာသို့ပါ ပျံ့နှံ့ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ၂၀၁၃ ခုနှစ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းကို ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အပြင် အာရှခြင်းလုံးအဖွဲ့ချုပ်ကိုပါ ဖွဲ့စည်းပြီး (၂၈)ကြိမ်မြောက်၊ (၂၉)ကြိမ်မြောက်နှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့တွင် ခြင်းလုံးအားကစားနည်းကို ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အတွက် အရှေ့တောင်အာရှနိုင်ငံများ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ပျံ့နှံ့စေခဲ့ရုံသာမက မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများစွာရယူပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာတည်သရွေ့ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း တည်တံ့ပြန့်ပွားစေရန် လက်ဆင့်ကမ်းကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတကာနယ်ပယ်တွင်လည်း အရှေ့တောင်အာရှမှ အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့နှင့်ပျိုးပင်အရောင်းဆိုင်ကို ကြည့်ရှုအားပေး

**ဘားအံ အောက်တိုဘာ ၁၀**



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၀ ရက်က ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး မြေဧရိယာအတွင်း ဖွင့်လှစ်ထားရှိသော မျိုးစေ့နှင့် ပျိုးပင် အရောင်းဆိုင်ကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အဆိုပါ အရောင်းဆိုင်ကို စက်တင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်အတွင်းရှိ တောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင်များအနေဖြင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ပန်းအလှပင်များနှင့် သစ်သီးဝလံပျိုးပင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစိုက်ပျိုးနိုင်စေရန်၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများကိုအချိုးမျှတစွာရောစပ်၍ ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုစိုက်ပျိုးတတ်စေရန်၊ ပိုးမွှားရောဂါနှင့် ပတ်သက်၍ ပိုးသတ်ဆေးများ စနစ်တကျအသုံးပြုတတ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့နှင့် ပျိုးပင် အရောင်းဆိုင်အတွင်းရှိ ဟင်းသီးဟင်းရွက်မျိုးစေ့ပေါင်း ၄၅ မျိုး၊ ဟင်းသီးဟင်းရွက်ပျိုးပင်ပေါင်း အမျိုး ၂၀၊ ပန်းအလှပျိုးပင်ပေါင်း ၁၅ မျိုး၊ သစ်သီးဝလံပျိုးပင်ပေါင်း အမျိုး ၄၀၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ ဆေးဖျန်းပုံးများ၊ စိုက်ပျိုးရေးနည်းပညာဥယျာဉ်မှ ထုတ်လုပ်သော နနွင်း၊ ငရုတ်ကောင်း၊ လက်ဖက်ခြောက်၊ အာလူးကြော်၊ ကန်စွန်းဥကြော် အစရှိသည့် ဒေသထွက်စိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး နော်သူးလေထီးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသရောင်းချနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်အတူ နံနက် ၁၀ နာရီခန့်က ကော့ကရိတ်မြို့နယ်တွင်အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဇုန်၊ စီးပွားရေးလုပ်ငန်းဇုန်နှင့် အဝေးပြေးကားကြီးဝင်း စီမံကိန်းနှင့် ပတ်သက်၍ လာရောက်တွေ့ဆုံရှင်းလင်းသည့် Synerguy Force Group Limited အား ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Synerguy Force Group Limited မှ Chief Executive Officer ဦးဇော်နိုင်သိန်းနှင့်အဖွဲ့က လူဦးရေ ၅၀၀၀၀ ခန့်အား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုထားသည့် မြေဧရိယာ ၃၉၁ ဧကပေါ်တွင် အဝေးပြေးကားဂိတ်နှင့် ဆက်စပ်လုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ ကုန်စည် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေပြုသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း စသည်ဖြင့် စီမံကိန်းနှင့်ပတ်သက်၍ လက်ရှိ ဆောင်ရွက်ထားမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ယခုနှစ် ရော်ဘာရာသီဖွင့်ချိန်တွင် ရော်ဘာဒိုင်များက စတင်ဈေးကောင်းပေး ဝယ်ယူ

**သုဝဏ္ဏဝတီ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရော်ဘာရာသီစတင်ချိန်တွင် ရော်ဘာအဝယ်ဒိုင်များက ရော်ဘာပြားများကို ဈေးကောင်းပေး၍ ဝယ်ယူနေကြောင်း သိရသည်။

"တော်သလင်းလပြည့်နေ့ မတိုင်မီကတည်းက နေသာရင် နေသာသလို ရော်ဘာစေးခြစ်ယူပြီး ရော်ဘာဒိုင်တွေဖွင့်မှ လာရောင်းတာပါ။ ဈေးကောင်းရပါတယ်။ မိုးမတင်တော့ဘဲ နေလှန်းပြားပဲ လာရောင်းတာပါ။ ခြံအလုပ်သမားတွေက ထက်ဝက်စားနဲ့ အခစားခြစ်တာမို့လို့ အခုလိုလာရောင်းပြီး ရော်ဘာပြားဖိုး တစ်ဝက်စီယူကြတာပါ" ဟု သထုံမြို့နယ် ထုံးဘိုကြီးကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံပိုင်ရှင်ဖြစ်သူ ဦးမောင်ကြည်က ပြောသည်။ "မိသားစုစားဝတ်နေရေးအရ နှစ်ပတ်တစ်ခါ ရော်ဘာပြားရသလောက်ကို လာရောင်းရတယ်။ ခြံရှင်နဲ့ ထက်ဝက်စားဆိုပေမယ့် ကျွန်တော်တို့က အဆုပ်တုံး၊ ဓားစာ(ဆွဲဖတ်)တွေပါ အပိုလုပ်အားခအနေနဲ့ရတော့ အဆင်ပြေပါတယ်"ဟု ရပ်ဝေးမှ မိသားစုနှင့်အတူ လာရောက်၍ ရော်ဘာစေးခြစ်သူ ကိုထွန်းနိုင်က ပြောသည်။ "ဒီရက်ပိုင်းမှ အဝယ်ဖွင့်တာပါ။ ရာသီဥတုအခြေအနေအရ ဝယ်ယူရရှိမှု နည်းပါသေးတယ်။ ဈေးနှုန်းက မနှစ်က စတင်ဝယ်ယူတဲ့ ဈေးနှုန်းထက် ပိုများပါတယ်"ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဒေါ်ထားရွှေက ပြောသည်။

ယခုနှစ် ရော်ဘာစတင်ဝယ်ယူချိန် နောက်ကျပြီး တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်တောင်သူများသည် အလုပ်သမားရရှိမှုအပေါ် မူတည်ကာ ရော်ဘာစေးခြစ်ယူ ရရှိနေကြသော်လည်း တချို့မှာ ရာသီဥတုအခြေအနေနှင့် အလုပ်သမား မရရှိကြသေးသောကြောင့် လုပ်ငန်းခွင်ကို မစတင်နိုင်သေးကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးမြို့နှင့် လှည်းကူးမြို့တို့မှ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြို့သစ်ရပ်ကွက် ပုညကာရီ ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ အိမ်ထောင်စု ၂၄၅ စု၊ လူဦးရေ ၁၀၉၉ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၃၀၇၉၀၀၀၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်များအား ထောက်ပံ့ပြီး ရေဘေးရှောင်ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေသည်။

**အားပေးစကားပြောကြား**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ကြီးစုတာမှ ရေလျော့ကျသွားမှုအခြေအနေများကို လည်းကောင်း၊ မြို့ဦးကင်းတံတားသို့ သွားရောက်ကာ မြို့အတွင်း ရေဝင်ရောက်မှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပညာမွန်ပရိယတ္တိစာသင်တိုက် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၂၈ စုမှ လူဦးရေ ၁၀၁၉ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် ၂၁၃၉၉၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့်များ ထောက်ပံ့၍ ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေပြီး အားပေးစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ပဲခူးမြို့၌ ယနေ့အထိ ရေဘေးရှောင် ကယ်ဆယ်ရေးစခန်း ၄၁ ခုမှ ရေဘေးသင့် အိမ်ထောင်စု ၄၆၀၁ စု၊ လူဦးရေ ၁၉၀၀၉ ဦးအတွက် စုစုပေါင်းဆန်ရိက္ခာဖိုး ငွေကျပ် ၃၉၉၁၈၉၀၀ နှင့် ခေါက်ဆွဲခြောက်နှင့် ရေသန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၄၇၁၁၇၀၀ ထောက်ပံ့ပေးအပ်ပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လှည်းကူးပညာရေး ဒီဂရီကောလိပ်တွင် တွေ့ဆုံ၍ ငမိုးရိပ်ချောင်းရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် လှည်းကူးမြို့၌ ရေကြီးရေလျှံဖြစ်ပေါ်နေမှုအခြေအနေ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးသည်။

**ယာယီခိုလှုံလျက်ရှိ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ပညာ့အားမာန်ခန်းမအတွင်း ယာယီလာရောက်ခိုလှုံလျက်ရှိကြသော ရေဘေးရှောင်အိမ်ထောင်စု ၃၆၉ စုမှ ရေဘေးသင့်ပြည်သူ ၁၂၀၀ အတွက် စုစုပေါင်းဆန်ရိက္ခာဖိုးငွေကျပ် ၂၅၂၀၀၀၀ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အကျိုးအမြတ်မယူသည့် နိုင်ငံတကာအသင်းအဖွဲ့များမှ ၎င်းတို့၏ ပြည်တွင်းသို့ ငွေလွှဲပြောင်းပေးပို့ခြင်းအတွက် နှောင့်နှေးမှုမရှိစေရန် ဆောလျင်စွာစိစစ်ရန် ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှုများတွင် နယ်စပ်ငွေသားအစား ဘဏ်စနစ်ကို ပိုမိုသုံးစွဲရန်နှင့် တရားမဝင် ငွေလွှဲလုပ်ငန်းများကို အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။



**အားနည်းချက်များ ပြင်ဆင်**

ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက (၉)ကြိမ်မြောက် မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာအပေါ် အာရှ-ပစိဖိတ် ပူးပေါင်းအဖွဲ့၏ အကဲဖြတ်မှုဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးတွင် ဆွေးနွေးခဲ့မှုများအရ အားနည်းချက်များကို လာမည့် အစီရင်ခံစာပြုစုရာတွင် ပြင်ဆင်ရေးသားရေးကိစ္စနှင့် ပတ်သက်၍လည်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က AML/CFT ဆိုင်ရာ မဟာဗျူဟာ နယ်ပယ်(၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ အနေဖြင့် ကြီးကြပ်ရေးအာဏာပိုင် (၆)ဖွဲ့၏ ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာများကို ဗဟိုအဖွဲ့သို့ တင်ပြခဲ့မှုအခြေအနေ၊ တွေ့ရှိရသည့် အားနည်းချက်များ၊ ဆက်လက် ဆောင်ရွက်သင့်သည့် အချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group- APJG) ၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အဖွဲ့ဝင်များက အစည်းအဝေး တက်ရောက်ခဲ့မှု အခြေအနေများနှင့် အစီရင်ခံစာအပေါ် ရှင်းလင်းဆွေးနွေးခဲ့သည့် အချက်များအား ဆွေးနွေး ပြောကြားခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group- APJG) သို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် တင်ပြရမည့် တိုးတက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အစီရင်ခံစာတွင် ထည့်သွင်းရေးသားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အစီအမံ (Action Plan) ပါ လက်ငင်းရလဒ် အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၆)၊ အမှတ်(၇) နှင့် အမှတ်(၈)တို့နှင့်ပတ်သက်၍ သတ်မှတ်ကာလအတွင်း အချိန်မီ တင်ပြနိုင်ရေးကို လည်းကောင်း၊ တိုးတက်မှု အစီရင်ခံစာရေးသားရေးအဖွဲ့မှ အချိန်မီရေးသားပြုစုနိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အဖွဲ့များခွဲ၍ ဆောင်ရွက်ရေးကိုလည်းကောင်း၊ မိမိတို့ဌာနအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ ဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး)၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**


# မူဆယ်မြို့၌ စားရေးအခက်အခဲရှိသည့် အသက်(၇၀)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် မသန်စွမ်းသူများအား စားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**မူဆယ် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရပ်ကွက်အသီးသီးမှ စားရေးအခက်အခဲရှိနေသည့် အသက်(၇၀)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် မသန်စွမ်းသူများအား ဆန်နှင့်ဆီအပါအဝင် စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းရန်အတွက် မူဆယ်မြို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးကွန်ရက် "ကမ်းလက်ကူညီပရဟိတအသင်း" ဥက္ကဋ္ဌ ဦးဝင်းဌေး၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်လှအောင်နှင့် အသင်းသူ၊ အသင်းသားများ၊ မူဆယ်မြို့နယ် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ မေတ္တာပန်းခင်းပရဟိတအသင်းဥက္ကဋ္ဌ ဦးချိုတူးနှင့် အသင်းသားများ၊ စေတနာပရဟိတအသင်းဥက္ကဋ္ဌနှင့် အသင်းသူ၊ အသင်းသားများ၊ ရွှေလင်းရောင်ပရဟိတအသင်းဥက္ကဋ္ဌနှင့် အသင်းသူ၊ အသင်းသားများ၊ မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ စသည့်ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက်က မူဆယ်မြို့၌ကွင်းဆင်းပြီး အမည်စာရင်းများ ကောက်ခံခဲ့ကြောင်း သိရသည်။

ထိုသို့ အမည်စာရင်းကောက်ခံရရှိထားသည့် အသက်(၇၀)နှစ်နှင့်အထက် အဘိုးအဘွားများ၊ မသန်စွမ်းအဘိုးအဘွားများနှင့် အခြားအခြေခံလူတန်းစား စုစုပေါင်း ၄၀၀ ကျော်တို့အား အောက်တိုဘာ ၁၀ ရက်က မူဆယ်မြို့ ရဟတ်ယာဉ်ကွင်းအနီး ကားလမ်းဘေးတွင် ဆန်နှင့်ဆီအပါအဝင် အခြားအခြေခံစားသောက်ကုန်များဖြစ်သော ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့လှူဒါန်းပေးသည်။

လှူဒါန်းပေးမှုအပေါ် မူဆယ်မြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိန်လှအောင်က "ကျွန်တော်တို့ အခုလိုထောက်ပံ့လှူဒါန်းပေးဖို့အတွက် အလှူရှင်၊ ကုသိုလ်ရှင်တွေကို ချိတ်ဆက်ရပါတယ်။



အမှန်တကယ်အခက်အခဲရှိနေတဲ့ အသက်ကြီးပိုင်းတွေ၊ မသန်စွမ်းဖြစ်နေသူတွေနဲ့ ဆင်းရဲနွမ်းပါးသူတွေကို စာရင်းကောက်ယူပြီးမှ လှူဒါန်းပေးခဲ့တာပါ။ လိုအပ်တဲ့နေရာတွေမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း လူမှုကူညီရေးအသင်းတွေကို အကူအညီတောင်းရတာဖြစ်ပါတယ်။ နောက်ထပ်လည်း အတတ်နိုင်ဆုံး လှူဒါန်းပေးနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

**သန့်ဇင်(မြန်မာ့အလင်း)**

# မဃဒေဝလင်္ကာသစ်ကြီး နှစ် ၁၂၀ ပြည့်

## မောင်လူမွှေး(မြန်မာမှု)

**မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို** မန်လည်ဆရာတော်ကြီး ရေးသားသီကုံးပြီးဆုံးသည့်နေ့သည် ဇာတာတော်သက်အရဆိုပါက ဤနေ့တွင် (၁၃၈၅ တော်သလင်း လဆုတ် ၁၄-ရက်) နှစ်ပေါင်း ၁၂၀ ပြည့်ခဲ့လေပြီ။

လူတို့ဝေါဟာတွင် ဇာတာသက်ဟု ရှိလေသည်။ မြန်မာလူမျိုးတို့ အဖို့ ရှေးအစဉ်အလာ မွေးဖွားပြီးနောက် ထိုနေ့ရက်လနှစ်တို့ကို အကြောင်းပြု၍ ဝိသောဒရီဒသာစနစ်နှင့် ဇာတာဖွဲ့ကြ၏။ **“အောင်ဇေယျတု... ကောဇာသက္ကရာဇ်... နှစ်... လ... ရက်... နေ့ လဂ်စန်းဂြိုဟ်နေ တြင်း-နဝင်းများကို ရေးသားပြီး အဆုံးတွင် အသက် ၁၂၀ ရှည်စေသောဝ်”** ဟု ရေးထိုးကြလေသည်။

မန်လည်ဆရာတော်နှင့် **မဃဒေဝလင်္ကာသစ်**ကို မြန်မာစာ မြန်မာမှုများကို လေ့လာလိုက်စားသူတိုင်း သိရှိကြပေသည်။ မန်လည်ဆရာတော်ကို စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မင်းကုန်းရပ်တွင်(၁၂၀၃ ခု တန်ခူးလဆန်း ၁၂ ရက် အင်္ဂါနေ့ = ၂၂-၃-၁၈၄၂) သန်းခေါင်ကျော် ၃ ချက်တီးအချိန်တွင် ဖွားမြင်တော်မူသည်။ အဖမှာ စာရေးကြီး ဦးထင်ညို+အမိ ဒေါ်ဖြေ၊ ငယ်မည် **မောင်မာ** ဖြစ်၏။ ၁၂ နှစ်သားအရွယ်တွင် စတင်ကျောင်းနေ၍ ၁၆ နှစ်တွင် ရှင်သာမဏေ ပြုသည်။ ဘွဲ့တော်မှာ **ရှင်ဇဝန** ဖြစ်သည်။ သက်တော် ၂၂ နှစ်မှ ရဟန်းအဖြစ်ကို အတည်ပြုသည်။ ပထမရဟန်းခံသော ဝါကို ရဟန်းခံသည့် သိမ်နှင့်ဆက်စပ်၍ ဝိနယကုက္ကုစ္စ သံသယဖြစ်၍ အတည်မပြုခဲ့ပေ။

### ကျမ်းစာပေါင်း ၆၃ မျိုးကို ရေးသားပြုစုခဲ့

ဆရာတော်သည် ကျမ်းစာပေါင်း ၆၃ မျိုးကို ရေးသားပြုစုခဲ့သည်။ ဤ၌ **“မဃဒေဝလင်္ကာသစ်ကျမ်းပြီးနှစ်”**ကို အဓိကတင်ပြလိုရင်းဖြစ်ပါသည်။

ဤကျမ်းကို သက်တော် ၃၂ နှစ် ၁၂၃၅ ခုနှစ်တွင် စတင်ရေးသားခဲ့သည်။ သို့တိုင် သာသနာ့ကိစ္စအဝဝကြောင့် အပြီးမသတ်နိုင်ခဲ့ပေ။ နောင် ထိုစာကို ဆက်ရေးပါရန် ပုဂ္ဂိုလ်တစ်ဦးက လျှောက်ထား၍ ဆက်၍ရေးသားကြောင်း **“ကြံစည်စိတ်က၊ ဆယ်ဝါရတွင်၊ စ၍ရေးသား၊ ပြုပါငြားလည်း၊ ဘုရားအမှု၊ ရှင်လူ့အရေး၊ ရှုပ်ထွေးတုံလျှင်း၊ သို့အခင်းကြောင့်၊ တင်းလင်းထားသို၊ မပြီးလိုခဲ့၊ ပုဂ္ဂိုလ်တယောက်၊ မဟာမြောက်မှ၊ အောက်မေ့ပြန်ဘိ၊ ရသတိဖြင့်၊ နှမိနှမြော၊ လွန်ခဲ့သောဟု၊ မျှောသွားရေဝယ်၊ လိုက်၍ဆယ်သို့”** (ပိုဒ်ရေ- ၅၉၁)ဟု ဆက်စပ်ကာ ဤလင်္ကာကြီးကို အခန်းရေ၊ အပိုဒ်ရေ၊ အကြောင်းအရာအလိုက် မည်သို့ရေးသားထားသည် ရေးသောအကြောင်းအရာ အချက်အလက်တွင်လည်း **“မီးကတော့ပူတယ်၊ ရေကတော့အေးတယ်”**ဟူသောအကြောင်းအရာ ထူးထူးခြားမဟုတ်သည့် ရေးထားသည့်စာမျိုး မဟုတ်ကြောင်းကို **“ရေပူဇေးငြား၊ မီးကားပူတောင်း၊ ဆိုတုံရှောင်းသို့၊ အကြောင်းပေ့ါဘိ၊ ထူးမယှိဘဲ၊ ဆိုမိဆိုရာ၊ မဆိုစွာတည့်”**(ပိုဒ်ရေ-၂) ဟု နိဒါန်းတွင် ကျမ်းပြုချက်အပြစ် ၅ ပါးကို ရှောင်လွှဲပြီး ရေးသားထားကြောင်းကို ဖော်ပြထားလေသည်။

> **“မဃဒေဝလင်္ကာသစ်ကျမ်းကြီးမှာ သတ်ပုံခွဲထားအနေနှင့်လည်းကောင်း၊ ရာဇဝင်သမိုင်းဆိုင်ရာအနေနှင့်လည်းကောင်း၊ လောကီသုတဆိုင်ရာနှင့် လောကုတ္တရာစာပေအနေနှင့်လည်းကောင်း၊ အလင်္ကာကျမ်းကြီးအနေနှင့်လည်းကောင်း၊ ဓမ္မကြောင်း ရာဇကြောင်းအနေနှင့်လည်းကောင်း စွယ်စုံနည်းစုံ ရှုထောင့်စုံမှ ကြည့်ရှုခံစားသိရှိနိုင်သော စာပေလင်္ကာကျမ်းကြီးဖြစ်”**

မဃဒေဝလင်္ကာသစ်ကျမ်းကြီးမှာ သတ်ပုံခွဲထားအနေနှင့် လည်းကောင်း၊ ရာဇဝင်သမိုင်းဆိုင်ရာအနေနှင့် လည်းကောင်း၊ လောကီသုတဆိုင်ရာနှင့် လောကုတ္တရာစာပေအနေနှင့် လည်းကောင်း၊ အလင်္ကာကျမ်းကြီးအနေနှင့်လည်းကောင်း၊ ဓမ္မကြောင်း ရာဇကြောင်း အနေနှင့်လည်းကောင်း စွယ်စုံနည်းစုံရှုထောင့်စုံမှ ကြည့်ရှုခံစားသိရှိနိုင်သော စာပေလင်္ကာကျမ်းကြီးဖြစ်သည်။

မြန်မာစာပေလောကတွင် စွယ်စုံအနေနှင့်အသုံးပြု၍ ကြည့်နိုင်သောကျမ်းမှာ စိန္တကျော်သူ ဦးဩ၏ **“ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်း”** နှင့် ဤ **“မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်း”** ဟု ဆိုနိုင်ရာသည်။ ထိုသို့သဘောကို **“လောကဓမ္မ၊ ရာဇထုံးဦး၊ မလွန်ကျူးဘဲ၊ နည်းထူးများလှ၊ ကျမ်းထိုမျှကို၊ သုတပေါင်းကာ၊ ပြုတတ်စွာကြောင့်၊ မဟာသုတကာရီ၊ သညီတပ်ဘွဲ့၊ လင်္ကာသွဲ့၍...”**(ပိုဒ်ရေ-၅၉၁) ဟု ဆရာတော်က ရေးဖွဲ့ထားသည်ကို ကိုးကား၍ဆိုခြင်းဖြစ်ပါ၏။ ဤလင်္ကာသစ်ကျမ်းကြီးကို ပညာရှင်များ၊ သုတေသီများ၊ စာပြုပုဂ္ဂိုလ်များ ရည်ညွှန်းကိုးကား ဖွင့်ဆိုရေးသားကြရာ ဖွင့်၍ပင် မကုန်ခန်းနိုင်၊ ကိုးကား၍ပင် မကုန်ခန်းနိုင်ဆိုရမည်ဖြစ်သည်။


### ကျမ်းကြီးနိဂုံးအပြီး သတ်သည့်နေ့

ဤမျှ ကြီးကျယ်ခမ်းနား လေးနက်လှသော ကျမ်းကြီးနိဂုံးအပြီးသတ်သည့်နေ့ကို **“ခြောက်ဆဲ့ခြောက်ခု၊ နှစ်အစုတွင်၊ ဥတုဝဿန်၊ နံကာလွန်မှ၊ လမွန်သစ်ဆင်း၊ တော်သလင်း၏၊ လမင်းစန္ဒီ၊ မကွယ်မီဝယ်၊ စုဒ္ဒသီစက်၊ ပူးမင်းရက်နှိုက်၊ စာတက်စာနာ၊ သင်္ဃာအများ၊ တပည့်သားအား၊ ပြုငြားမချွတ်၊ စာပို့ဝတ်လည်း၊ မလွတ်စေရ၊ ပို့ချပြီးခါ၊ ထိုင်ရာမထ၊ လက်မကြွဘဲ၊ ထိုညနာရီ၊ ရှစ်ချက်ဆီတွင်၊ ဤစာနတ်မောင်း၊ အောင်စည်ညောင်းသည်။ ။ တိုက်သောင်းကြားစေ ခြိမ့်အုန်းတည်း။ ။ ”** (ပိုဒ်ရေ- ၅၉၁)ဟု နိဂုံးချုပ်ထားလေသည်။ (သက္ကရာဇ် ၁၂၆၆ ခု တော်သလင်းလဆုတ် ၁၄ ရက် ခရစ်နှစ် ၇-၁၀-၁၉၀၄ သောကြာနေ့ ည ၈ နာရီ) ထို့ကြောင့် ဇာတာသက်နှင့်ပြောရပါက နှစ် ၁၂၀ ပြည့်ပေပြီ၊ ထိုအကျော်ကို ဝေဒဇာတာတော်ပုံအရ သမိုင်းဝင်ပြီဟုဆိုရပါမည်။

မြန်မာစာပုံနှိပ်သမိုင်းတွင် ရှေးရှေးပေမူများကို နောင်တွင် စာရွက်နှင့် ရေးကူးပုံနှိပ်ကြမြဲဖြစ်သည်။ ထိုခေတ်ကာလအချိန်တွင် စက္ကူစာရွက်များပေါ်နေပေပြီ။ ဆရာတော်သည် ဤမဟာသုတကာရီလင်္ကာသစ်ကျမ်းကြီးကို မိမိလက်ရေးဖြင့် နမောတဿမှစတင်၍ နိဂုံးအဆုံးတိုင် ဗလာစာအုပ်ပေါ်တွင် ရေးသားတော်မူခဲ့ပေသည်။



မန်လည်ဆရာတော်ဘုရားကြီး ပုံတော်



ထိုလက်ရေးမူကို စတင်ပုံနှိပ်ခြင်းဖြစ်သည်။

ပထမပုံနှိပ်မူကို ၁၂၆၉ ခု မန္တလေးမြို့ ဆိုင်းတန်းလမ်း ရတနာဒီပ ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ စာမျက်နှာ ၃၀၄ မျက်နှာ၊ အခန်းပေါင်း ၆ ခန်းနှင့် အပိုဒ်ပေါင်း ၃၂၂ ပိုဒ်ပါရှိသည်။

ဒုတိယရိုက်နှိပ်မူမှာ ၁၂၇၆ ခုနှစ် ရန်ကုန်မြို့ ၂၅ လမ်း စာဆိုတန်းတိုက် ၁၇/၁၈ ပြည်ကြီးမဏ္ဍိုင်ပိဋကတ ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ ပြင်ဆင်ချက်ပါဝင်ပြီး စာမျက်နှာ ၄၈၆၊ အခန်းပေါင်း ၆ ခန်းနှင့် ပိုဒ်ရေ-၆၂၄ ပိုဒ်ပါဝင်ခဲ့လေသည်။

တတိယစာမူမှာ ထူးခြားလှပေသည်။ ၁၂၈၁ ခုနှစ်တွင် ဖော်ပြပါ ပုံနှိပ်မူ ၂ ခုကို စိစစ်၍ ဆရာတော်ကြီး ပျံလွန်တော်မမူမီ ဖြည့်စွက်ချက်-၉၉၇ ချက်၊ ပြင်ဆင်ချက် - ၅၅၅ ချက်၊ နုတ်ပယ်ချက်- ၈ ချက် စုစုပေါင်း ၁၅၆၀ ရှိသည်။ အခန်း ၆ ခန်းနှင့် အခန်းပယ် ၅၂ ပိုဒ် စုစုပေါင်း ၆၂၅ ပိုဒ် ရေးဖွဲ့ထားခဲ့လေသည်။


### မန်လည်ဒေသ၌ပင် ပျံလွန်တော်မူခဲ့


ထိုစာမူကို မန္တလေးမြို့ ဘုရားကြီးတိုက် အနောက်မုခ် ရွှေရေးဆောင်တိုက်၊ တိုက်အုပ် ဆရာတော် ဦးစန္ဒိမာက ကြီးကြပ်၍ ပေထက်အက္ခရာတင်ထားလေသည်။ ၁၂၈၁ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ရေးကူးပြီးဆုံးသည်။ ပေအင်္ဂါ ၂၆ အင်္ဂါရှိသည်။ ယခုအဆက်ဆက်ရိုက်နှိပ်နေသောမူမှာ ဤပေမူပင်ဖြစ်သည်။ ထိုစာမူကို ဆရာတော်သည် ဖော်ပြပါအတိုင်းစိစစ်ပြီး နောင်တစ်နှစ်အကြာတွင်(၁၂၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်၊ နံနက် ၁:၃၀ နာရီ= ၂၅-၉-၁၉၂၀) တွင် မန်လည်ဒေသ၌ပင် ပျံလွန်တော်မူခဲ့လေသည်။

ခေတ်အဆက်ဆက်ရေးစာဆိုတော်တို့၏ စာမူများကို ပေမူမှသည် ပုံနှိပ်မူသို့ ပြောင်း၍ ရိုက်နှိပ်ကြရိုးရှိပေသည်။ **“မဟာသုတကာရီ မဃလင်္ကာသစ်ကြီး”** မှာမူ ပုံနှိပ်မူမှပေမူသို့ တင်သည်မှာ စာပေသမိုင်းတွင် ရှားရှားပါးပါးဖြစ်ပါ၏။

မူလပထမစတင်ပုံနှိပ်စကပင် ပါဠိဆရာကြီး ဦးဖြေ၊ ပါဠိဆရာကြီး ဦးညွန့်၊ ပါဠိဆရာကြီး ဦးဝင်းမောင်၊ ဦးအေးမောင်၊ ဦးဖေမောင်တင် စသည့်

*စာမျက်နှာ ၁၁ သို့*






# ပြည်သူ့အကျိုးအတွက် အရည်အသွေးပြည့်မီသော နည်းပညာရှင်များ မွေးထုတ်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**
ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးပြည့်မီသော နည်းပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး ပြည်တွင်း၊ ပြည်ပကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက တိုက်တွန်းပြောကြားသည်။

ထို့ပြင် နိုင်ငံ့အမျိုးသားရေး လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် တစ်တပ်တစ်အားဖြစ်စေမည့် ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့လူငယ်ကောင်းများ ပျိုးထောင်ပေးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ MSME စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာရေး သတ်မှတ်စံနှုန်းများအတိုင်း မြေတောင်မြှောက်ပေးရန်၊ ပြည်သူများ အလုပ်အကိုင်များရရှိစေရေးနှင့် ဘဝရပ်တည်ရေး ခိုင်မာစေရေးအတွက် လက်တွေ့ကျသည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် ယမန်နေ့ မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုကဲ့သို့ မှာကြားခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)မှ ကျောင်းအုပ်ကြီး ဒေါက်တာ ကျော့ကျော့ရီက ကျောင်းဆိုင်ရာအချက်အလက်များနှင့် ဝန်ထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်မဆောင်ရှိ စာပေဌာနမှ စာသင်ခန်းနှင့် လက်တွေ့ခန်းများ၊ စာမေးပွဲခန်းများ၌ အေးချမ်းစွာ စာမေးပွဲဖြေဆိုလျက်ရှိကြသည့် အင်ဂျင်နီယာဌာနများမှ ကျောင်းသား ကျောင်းသူများ ရေးဖြေဘာသာရပ်များနှင့် ပုံဆွဲဘာသာရပ် ဖြေဆိုနေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းဥပဓိရုပ်ကောင်းမွန်တင့်တယ်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့်ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်က နိုင်ငံ၏အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကောင်းမွန်သည့်ကိုယ်ကျင့်တရားနှင့် မှန်ကန်သည့် အတွေးအမြင်များရှိစေရန် လက်ဦးဆရာများဖြစ်သည့် မိဘနှင့် ဆရာတို့က ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ကျောင်းသား လူငယ်များကို ကောင်းမွန်သည့် ကိုယ်ကျင့်တရားနှင့် လူမှုတန်ဖိုးများကို နားလည်လိုက်နာကျင့်သုံး တတ်စေရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး အသိပညာပေး ဆရာကိုင် စာအုပ်များကို ပြုစုခဲ့ပြီး မူလတန်းအဆင့်မှ Grade-11 အထိ သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများတွင် ထည့်သွင်းရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့်လည်း လူငယ်များကို နိုင်ငံတော်၏ အနာဂတ် ခေါင်းဆောင်များအဖြစ် ပေါ်ပေါက်လာစေရန် စေတနာ၊ ဝါသနာ၊ အနစ်နာ အရင်းခံ၍ ပြုစုပျိုးထောင်ပေးကြရန်နှင့် လူငယ်များအနေဖြင့်လည်း နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို မှန်ကန်စွာ ပိုင်းခြားသိမြင်ပြီး ဖြောင့်မတ် တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် လက်တွေ့ကျင့်သုံးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ Speaker များအဖြစ် ပါဝင် ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားကြသည်။

ထို့ပြင် မော်လမြိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်း၌ ကော်မရှင်ရုံးခွဲ (မော်လမြိုင်)မှ အရာထမ်းတစ်ဦးက အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာများနှင့် ပညာပေး (Edu- tainment) အစီအစဉ်ပါ အကြောင်းအရာများကို အသိပညာပေးဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*
မြန်မာစာပေပညာရှင်ကြီးများက အဆက်ဆက် ကြီးကြပ်ပြင်ဆင် ပုံနှိပ်ခဲ့ကြရာ စာကျစာန များစွာမရှိရဘဲ ပုံနှိပ်မှုများ သန့်ရှင်းစင်ကြယ်မှု ရှိခဲ့လေသည်။ မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး ၁၉၇၆ နှစ် နောက်ပိုင်း ရိုက်နှိပ်သည့်မူများသည် ပို၍ကောင်းမွန်လာပေသည်။ ဟံသာဝတီပုံနှိပ်တိုက်၊ သာသနာရေး ပုံနှိပ်တိုက်တို့တွင် ရိုက်နှိပ်၍လည်း (ပိဋကပညာရှင်နှင့် ဘာသန္တရစာပေပညာရှင်များရှိ၍) အထူးကောင်းမွန်လာပေသည်။ ဤသို့ဖြင့် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေလာရာ ၁၃၆၆ ခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီ။ ရာပြည့်ပွဲတော်ကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆရာတော်ကြီး ဇာတိမြေမန်လည်ကျောင်းတိုက်ကြီးတွင် ကျင်းပခဲ့လေသည်။ ရာပြည့်စာပေယဉ်ကျေးမှု အနုပညာမဂ္ဂဇင်းထုတ်ဝေခြင်း၊ စာပေဟောပြောပွဲကျင်းပခြင်း၊ ပြပွဲပြသခြင်းများ ပြုလုပ်ပူဇော်ခဲ့ကြပါသည်။

စာရေးသူသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မပုပ်မသိုးဘဲ ရွှေပိန်းချထားသော မန်လည်ဆရာတော်၏ရုပ်ကလာပ်တော်ကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ဖူးပါသည်။ ထိုအခါက သိကျွမ်းခဲ့သော ယခု မန်လည်ဆရာတော်ဦးစန္ဒိမာကို နှစ် ၁၂၀ ပြည့် အကြောင်း၊ ဖုန်းဖြင့်လျှောက်ထားရာ ဆန္ဒပြုမှာကြားချက်ကို ဤဆောင်းပါးဖြင့် ဖြည့်ဆည်းပါကြောင်းနှင့် မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကြီး ပြီးမြောက်နိဂုံးချုပ်သည့် နှစ် ၁၂၀ ပြည့်ကို ဂုဏ်ပြုကြည်ညိုပူဇော်ရပါကြောင်း လေ့လာတင်ပြအပ်ပါသည်။ ဆရာတော်ကြီး၏ မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကြီးသည် ရာစုနှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲပြီး မြန်ပြည်သူများ သုတရသကိုခံစားကြည်ညိုနိုင်ကြပါစေဟု ဆန္ဒပြုနိဂုံးချုပ်ပါသည်။ ။

# ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနရုံးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် ၁၄-၈-၂၀၂၃ ရက်နေ့မှစ၍ MEVM စက်အသုံးပြု၍ မဲပေးပုံ နည်းစနစ်များကို ရှင်းလင်းပြသခြင်း၊ ဝန်ကြီးဌာနများရှိ ဝန်ထမ်းများအား ကိုယ်တိုင် လက်တွေ့မဲပေးစေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူများ MEVM စက်အသုံးပြု၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် MEVM စက်အသုံးပြု မဲပေးပုံနည်းစနစ်များ ရှင်းလင်းသရုပ်ပြသခြင်းကို အောက်ဖော်ပြပါ မြို့နယ်များတွင် ယှဉ်တွဲပါ နေ့ရက်များအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | မြို့နယ် | နေ့ရက် | နေရာ |
|---|---|---|---|
| (က) | ဥတ္တရသီရိ | ၁၁-၁၀-၂၀၂၃ မှ ၁၃-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ခ) | ပုဗ္ဗသီရိ | ၁၇-၁၀-၂၀၂၃ မှ ၂၀-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဂ) | ဇေယျာသီရိ | ၂၃-၁၀-၂၀၂၃ မှ ၂၇-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဃ) | တပ်ကုန်း | ၃၁-၁၀-၂၀၂၃ မှ ၆-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (င) | ပျဉ်းမနား | ၇-၁၁-၂၀၂၃ မှ ၁၃-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (စ) | ဒက္ခိဏသီရိ | ၁၄-၁၁-၂၀၂၃ မှ ၁၇-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဆ) | လယ်ဝေး | ၂၀-၁၁-၂၀၂၃ မှ ၂၄-၁၁-၂၀၂၃ | မြို့နယ်စည်ပင်ခန်းမ |
| (ဇ) | ဇမ္ဗူသီရိ | ၂၈-၁၁-၂၀၂၃ မှ ၃၀-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |

၃။ ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် အထက်ဖော်ပြပါ နေ့ရက်များတွင် MEVM စက်အသုံးပြု၍ မဲပေးပုံနည်းစနစ်များ ရှင်းလင်းပြသခြင်းအား လာရောက်လေ့လာနိုင်ပါကြောင်းနှင့် ကိုယ်တိုင်လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

**မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသား စုံညီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် UMFCCI မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်း၏ အကြံပေးပုဂ္ဂိုလ်များနှင့် ဗဟို အလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင် ကုမ္ပဏီများနှင့် အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အသင်းကြီးအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတည်ချက် (၉) ရပ်ထဲက လူမှုရေး ဦးတည်ချက် (၁)ရပ် ဖြစ်သည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေးကို အကောင်အထည်ဖော်ရာတွင် တစ်တပ်တစ်အား ပါဝင်ပေးကြရန်၊ မိမိတို့၏ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာတွင် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထုတ်ပြန်ထားသော အမိန့် ကြော်ငြာစာများ၊ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန်၊ အများပြည်သူ ကျန်းမာရေးအကျိုးကို ရှေးရှု ဦးစားပေးကာ အရည်အသွေးမီ ဆေးဝါးများကို လက်လှမ်းမီ သင့်တင့်သည့် ဈေးနှုန်းဖြင့် ရောင်းဝယ် ဖြန့်ဖြူးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဒေါက်တာဝင်းကြိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်း၏ တစ်နှစ်တာကာလအတွင်း လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့်အဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီအဖွဲ့ဝင်ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် အဖွဲ့သည် ယနေ့တွင် ပျဉ်းမနားမြို့နယ် အတွင်းရှိတောင်ပေါ်ကျေးရွာများ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် သစ်တွန်ကျေးရွာအုပ်စု၊ ဘိုတဲကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံရွာသူ၊ ရွာသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်း၍ ကျေးရွာတွင်း သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ပြုစုပျိုးထောင်မွေးထုတ်ပေး

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဖလောင်းကျေးရွာသို့ ရောက်ရှိပြီး ဖလောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအနေဖြင့် အသိပညာဗဟုသုတများ ပြည့်ဝရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်ကလေးငယ်များကို အတန်းပညာအပြင် အသိပညာ အတတ်ပညာရပ်များကိုလည်း သင်ကြားပေးစေလိုကြောင်း၊ ကလေးငယ်များ အနာဂတ်ရည်မှန်းချက်များ ကိုယ်စီရရှိ၍ ဒေသကို ပြန်လည်အကျိုးပြုနိုင်သည့် ပညာတတ်များဖြစ်လာစေရန် ပြုစုပျိုးထောင်မွေးထုတ်ပေးစေလိုကြောင်းနှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားကာ ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်သည် ဖလောင်းကျေးရွာရှိ သုဓမ္မဝတီကျောင်းတိုက်၌ သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပျဉ်းမနားမြို့နယ်အတွင်းရှိတောင်ပေါ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေပြန့်နှင့် တောင်ပေါ်ဒေသ၊ ကျေးလက်နှင့် မြို့ပြဒေသ လူနေမှုအဆင့်အတန်း ကွာခြားမှု နည်းပါးစေရေး ရည်ရွယ်၍ အဓိကထား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သစ်တွန် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌လည်း ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်ရေးတို့ကို အဓိကထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ဒေသခံပြည်သူများအတွင်းမှ မျိုးဆက်သစ်ပညာတတ်များမွေးထုတ်ပေးနိုင်မှသာ မိမိဒေသကို ပြန်လည်အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် တောင်ပေါ်ဒေသနေ ပြည်သူလူထုစာတတ်မြောက်ရေးအတွက်လည်း မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း မိမိဒေသလိုအပ်ချက်များကို ပွင့်လင်းစွာ တင်ပြစေလိုကြောင်း၊ သို့မှသာ မိမိအနေဖြင့် အထက်အကြီးအကဲများသို့ တင်ပြ၍ ဘဏ္ဍာနှစ်များ လျာထားသတ်မှတ်ပြီး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိပြီး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် သစ်တွန်ကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ပန်းပေါင်းစုံဘုရားဆင်းတုတော်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆိုလာပြားများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ First Aid Kit များ၊ အသက် ၈၅နှစ်နှင့် အထက် သံဃာတော်နှင့် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများနှင့် ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက်ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား သစ်တွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကွင်းဆင်းကြည့်ရှုစစ်ဆေး

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း၊ နေပြည်တော် ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဖလောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် နေပြည်တော် လမ်းဦးစီးဌာနမှ ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အသင်းနှင့် မြန်မာအသင်းတို့က ခြောက်မှတ်စီရထားပြီး အိန္ဒိယနှင့် ပါလက်စတိုင်း အသင်းတို့က အမှတ်မရသေးပေ။ ခြောက်မှတ်စီရထားသည့် မြန်မာနှင့် တာဂျစ်ကစ္စတန်အသင်းတို့မှာ ခြေစစ်ပွဲ အောင်မြင်ရန် သေချာသလောက် ရှိနေပြီး မြန်မာအသင်းအနေဖြင့် အနိုင်ကစားနိုင်ပါက အုပ်စုပထမ ရယူနိုင်မည်ဖြစ်သည်။ သရေ သို့မဟုတ် အရေးနိမ့်ပါက အုပ်စုဒုတိယ နေရာသာရမည်ဖြစ်ပြီး အကောင်းဆုံးအုပ်စုဒုတိယနေရာရ ခုနစ်သင်းတွင် ပါဝင်လာဖွယ်ရှိနေသည်။

ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံး ရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး ခုနစ်သင်းအထိ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲ အောင်မြင်ရန် အလွန်နီးစပ်နေခြင်းဖြစ်သည်။

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# ဟားမားစ်က အစ္စရေးကို တိုက်ခိုက်မှုအတွင်း အမေရိကန်နိုင်ငံသား ၁၁ ဦးထက်မနည်း သေဆုံးကြောင်း ဘိုင်ဒင်ပြော

ဝါရှင်တန် အောက်တိုဘာ ၁၀

**ပါလက်စတိုင်းအစ္စလာမ္မစ်စစ်သွေးကြွအုပ်စု (ဟားမားစ်) က အစ္စရေးကို မကြာသေးမီ တိုက်ခိုက်မှုအတွင်း သေဆုံးသူများထဲတွင် နိုင်ငံခြားသားအများအပြား ပါဝင်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထိုကဲ့သို့ တိုက်ခိုက်မှုအတွင်း သေဆုံးသူများထဲတွင် အမေရိကန်နိုင်ငံသား ၁၁ ဦးထက်မနည်း ပါဝင်ကြောင်း အောက်တိုဘာ ၉ ရက်က ထုတ်ပြန်သော ကြေညာချက်တွင် ပြောသည်။ ထို့ပြင် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံရသူများထဲတွင်လည်း အမေရိကန်နိုင်ငံသားများ ပါဝင်ဖွယ်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

**ပြင်သစ်နိုင်ငံသား နှစ်ဦးလည်း သေဆုံး**

အဆိုပါ တိုက်ခိုက်မှုအတွင်း ပြင်သစ်နိုင်ငံသား နှစ်ဦးလည်း သေဆုံးခဲ့ကြောင်းနှင့် ၁၄ ဦး ပျောက်ဆုံးနေကြောင်း အောက်တိုဘာ ၉ ရက်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ထို့ပြင် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ပျောက်ဆုံးနေသူအချို့မှာ ပြန်ပေးဆွဲခံရခြင်း ဖြစ်နိုင်ကြောင်းလည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။

**ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး ပျောက်ဆုံး**

ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အစ္စရေးနိုင်ငံ၌ နေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦးလည်း ပျောက်ဆုံးနေကြောင်း အောက်တိုဘာ ၉ ရက်တွင် ပြောသည်။ ထို့ပြင် ဖိလစ်ပိုင် အစိုးရ၏ ထုတ်ပြန်ချက်အရ ရွှေ့ပြောင်းလုပ်သားများအပါအဝင် အစ္စရေး၌ နေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အစ္စရေးနိုင်ငံတောင်ပိုင်းတွင် နေထိုင်သည့် အာဂျင်တီးနားအမျိုးသားတစ်ဦးလည်း ဟားမားစ်၏ တိုက်ခိုက်မှုအတွင်း သေဆုံးကြောင်း အတည်ပြုပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူပေါင်း ၁၃ ဦးအထိ ရှိလာ

**ဟန္နိုင်း အောက်တိုဘာ ၁၀**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဟိုချီမင်းမြို့၌ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ လေးဦး ထပ်မံ တွေ့ရှိသည့်အတွက် အောက်တိုဘာ ၉ ရက်အထိ မြို့တွင်း အဆိုပါရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၁၃ ဦးအထိ ရှိလာကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။




ဗီယက်နမ်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူတစ်ဦး။

မျောက်ကျောက် ရောဂါဖြစ်ပွားသူ ၁၃ ဦးအနက် နှစ်ဦးမှာ နိုင်ငံရပ်ခြားမှဖြစ်ပြီး ကျန် ၁၁ ဦးမှာ ပြည်တွင်းမှဖြစ်ကြောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနက ပြောသည်။ ထို့ပြင်အဆိုပါမျောက်ကျောက်ရောဂါမှာ လူမှုအသိုင်းအဝိုင်းအတွင်း ကူးစက်ပျံ့နှံ့နိုင်ကြောင်းလည်း အကြံပြုထားသည်။

ရောဂါကူးစက် ဖြစ်ပွားသူအားလုံးကို သီးသန့်ခွဲခြားထားကြောင်း၊ ဒေသအာဏာပိုင်များအနေဖြင့် ရောဂါဖြစ်ပွားမှုကို ဆောလျင်စွာ သိရှိနိုင်ရန်အလို့ငှာ ကြီးကြပ်ကွပ်ကဲမှု အားကောင်းစေရေး လုပ်ဆောင်လျက်ရှိပြီး လူနာများကိုလည်း အချိန်မီကုသမှုပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မြို့တွင်း မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုမှာ တစ်ဦးနှင့် တစ်ဦး ဆက်နွှယ်မှုရှိသည်ကို တွေ့ရှိကြောင်း သိရသည်။ မျောက်ကျောက်ရောဂါသည် လူမှုအသိုင်းအဝိုင်းတွင် လူတိုင်းကို အလွယ်တကူ မကူးစက်နိုင်ကြောင်း ဗီယက်နမ် ပြည်သူ့ကျန်းမာရေးအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အကြီးတန်းအကြံပေးဖြစ်သူ ထောင်ဒက်စ်ဖူကို ကိုးကားပြီး ဗီယက်နမ်နယူးစ်က အောက်တိုဘာ ၁၀ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၌ ပထမဆုံး မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုကို ပြီးခဲ့သည့် စက်တင်ဘာလတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တိုင်ဖွန်းမုန်တိုင်းဝင်ရောက်လာနိုင်သည့်အတွက် လာအိုပြည်သူများကို သတိပေးမှုများပြုလုပ်ထား

**ဗီယင်ကျန်း အောက်တိုဘာ ၁၀**

လာအိုပြည်သူများကို တိုင်ဖွန်းမုန်တိုင်း ကိုအီနူ ဝင်ရောက်လာနိုင်သည့်အတွက် သတိပေးမှုများ ပြုလုပ်ထားသည်။ တိုင်ဖွန်းမုန်တိုင်းသည် လာအိုနိုင်ငံသို့ အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိ ဖြတ်ကျော်ဝင်ရောက်မည်ဖြစ်ရာ မုန်တိုင်းဝင်ရောက်နေချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ၊ မိုးကြိုးမုန်တိုင်းများနှင့် လေပြင်းတိုက်ခတ်မှုများ နိုင်ငံတစ်ဝန်းဖြစ်ပွားနိုင်သည်။

လာအိုသဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့် ဇလဗေဒဌာန၏သတင်းထုတ်ပြန်ချက်အရ ဖုန်စလေး၊ ဟွာပန်နှင့် ရှီအန်ခေါင်ပြည်နယ်များတွင် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအနောက်မြောက်ပိုင်းတွင် မိုးအနည်းငယ် ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားနိုင်သည်။ ထို့အတူ နိုင်ငံအလယ်ပိုင်းတွင်လည်း မိုးအနည်းငယ် ရွာသွန်းမည်ဖြစ်ပြီး လေပြင်းများ တိုက်ခတ်နိုင်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း၌ လေပြင်းတိုက်ခတ်မှုများနှင့် မိုးကြိုးမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ ပြည်သူများကို မိုးလေဝသ ခန့်မှန်းချက်များကို မျက်ခြည်မပြတ် အမြဲစောင့်ကြည့်သွားရန် မိုးလေဝသနှင့် ဇလဗေဒဌာနက တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုမြင့်တက်

**စင်ကာပူ အောက်တိုဘာ ၁၀**

စက်တင်ဘာလအတွင်း စင်ကာပူနိုင်ငံသို့ ခရီးသွား ၁ ဒသမ ၁၃ သန်း လာရောက်ခဲ့သည့်အတွက် တစ်နှစ်ပြီးတစ်နှစ် ခရီးသည် ၄၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း စင်ကာပူခရီးသွားအဖွဲ့က ထုတ်ပြန်သော နောက်ဆုံးသတင်းများအရ သိရသည်။

စင်ကာပူနိုင်ငံသို့ အများဆုံး လာရောက်သူစာရင်းတွင် အင်ဒိုနီးရှားနိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ ထို့နောက် တရုတ်ပြည်မကြီး၊ ဩစတြေးလျ၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြသည်။ ပထမကိုးလအတွင်း စင်ကာပူနိုင်ငံသည် ခရီးသည် ၁၀ သန်းကျော် လက်ခံခဲ့ကြောင်း စင်ကာပူခရီးသွားအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# လျှင်လှုပ်ပြီး သုံးရက်ကြာသည့်တိုင် အာဖဂန်နစ္စတန်နိုင်ငံ၌ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ကဘူးလ် အောက်တိုဘာ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ၌ အင်အားပြင်းငလျင်များလှုပ်ခဲ့ပြီး လူထောင်ပေါင်းများစွာ သေဆုံးပြီးနောက် သုံးရက်ကြာသည့်တိုင် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။



စနေနေ့က နိုင်ငံအနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူးအဆင့်ရှိ ငလျင်နှစ်ကြိမ် လှုပ်ခဲ့သောကြောင့် လူပေါင်း ၂၀၀၀ ထက်မနည်း သေဆုံးခဲ့ပြီး နေအိမ် ၂၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း တာလီဘန်အစိုးရက ပြောကြားခဲ့သည်။ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် လူပေါင်း ၁၀၀၀ ကျော်ကို ငလျင်ဒဏ်သင့် ဒေသဖြစ်သော ဟီရတ်သို့ စေလွှတ်ခဲ့ကြောင်း တာလီဘန်အရာရှိများက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမားများနှင့် စက်ယန္တရားများ မရောက်ရှိသေးသော ငလျင်ဒဏ်သင့်ဒေသများတွင် ဒေသခံများက အသက်ရှင်သန်ကျန်ရစ်သူများကို ရှာဖွေရန် အပျက်အစီးများကို တူးဖော်ခဲ့ကြသည်။ စနေနေ့ကတည်းက အာဖဂန်နစ္စတန် အနောက်ပိုင်းတွင် ငလျင်အတော်များများလှုပ်ခဲ့သည်။ ငလျင်ဒဏ်သင့်ဒေသရှိ ပြည်သူများသည် ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ကယ်ဆယ်ရေးသမားများနှင့် စက်ယန္တရားကြီးများ ပိုမိုပို့ဆောင်ပေးရန် တာလီဘန် တာဝန်ရှိသူများကို တောင်းဆိုထားသည်။ **အင်န်အိတ်ချ်ကေ**

# မိုးခေါင်ရေရှားမှုကြောင့် ထိခိုက်ခဲ့သော တောင်သူလယ်သမားများထံ သီရိလင်္ကာ လျော်ကြေးပေးမည်

**ကိုလံဘို အောက်တိုဘာ ၁၀**

သီရိလင်္ကာအစိုးရအဖွဲ့သည် ၂၀၂၃ ခုနှစ် သီးနှံရိတ်သိမ်းချိန်တွင် ခြောက်သွေ့သော ရာသီဥတု အခြေအနေကြောင့် သီးနှံများ ပျက်စီးမှုဖြစ်ပွားသော တောင်သူလယ်သမား ၅၃၉၆၅ ဦးထံသို့ လျော်ကြေးပေးရန် ဆုံးဖြတ်လိုက်ကြောင်း ဝန်ကြီးတစ်ဦးက အောက်တိုဘာ ၁၀ ရက်တွင် ပြောသည်။

အစိုးရအဖွဲ့အနေဖြင့် သီးနှံအာမခံအစီအစဉ်မှ ရန်ပုံငွေများကို အသုံးပြုကာ လျော်ကြေးပေးအပ်ရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး မာဟင်ဒါ အမာရာဝီရာက မီဒီယာသို့ ပြောသည်။ ထို့ပြင် မိုးခေါင်ရေရှားမှုကြောင့် စပါးစိုက် ဧက ၅၈၇၇၀ ခန့်နှင့် အခြားသောသီးနှံများ ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း အဆိုပါဝန်ကြီးက ဆက်ပြောသည်။

သီးနှံရိတ်သိမ်းရာသီအတွက် တောင်သူလယ်သမားများ မှီခိုအားထားနေရသော အနောက်တောင်မုတ်သုံသည် မကြာသေးမီ သီတင်းပတ်အတွင်း စတင်ဝင်ရောက်ခဲ့ပြီး လက်ရှိတွင် နိုင်ငံ၏ ဒေသအချို့၌ အသေးစားရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းနှင့် ဗိုလ်မှူးချုပ်(ဟောင်း) ရန်နောင်စိုးတို့အား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ဒုတိယဗိုလ်ချုပ်ကြီး (ဟောင်း) မိုးမြင့်ထွန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံခြားသုံးငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်စဉ်အတွင်း နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေဆိုင်ရာမူဝါဒ၊ အရေးကြီးကုန်စည်ဆိုင်ရာ မူဝါဒနှင့် အခြားစီးပွားရေးဆိုင်ရာ မူဝါဒများနှင့်ဆန့်ကျင်၍ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရယူဆောင်ရွက်ခဲ့ခြင်းဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ဆောင်ရွက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရက စားအုန်းဆီများကိုတင်သွင်းရန် သတ်မှတ်ရာခိုင်နှုန်းအတွက် ကျသင့်ဒေါ်လာများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးကာ တင်သွင်းစေခဲ့သော်လည်း နိုင်ငံတော်အစိုးရက ခွင့်ပြုရောင်းချရန် သတ်မှတ်ထားသည့် ရည်ညွှန်းဈေးနှုန်းထက်ဈေးတင်ရောင်းချခြင်းကို သိလျက်အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပတ်သက်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများကပေးအပ်သည့် တံစိုးလက်ဆောင်ပစ္စည်းများကို ရာထူးလုပ်ပိုင်ခွင့်ကို အသုံးပြု၍ ရယူဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံခြားသုံးငွေများကို တရားမဝင်လက်ဝယ်ထားရှိခြင်း၊ စစ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ အရပ်ဘက် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နှစ်ဆယ်နှစ်ကာလနှင့်ညီမျှသော တစ်သက်တစ်ကျွန်းဒဏ်ကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်(ဟောင်း) ရန်နောင်စိုးသည် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်၏စီးပွားရေးဆိုင်ရာ မူဝါဒနှင့်ဆန့်ကျင်၍ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်ရယူဆောင်ရွက်ခြင်း၊ နိုင်ငံခြားသုံးငွေဆိုင်ရာမူဝါဒ၊ အရေးကြီးကုန်စည်ဆိုင်ရာမူဝါဒနှင့် အခြားစီးပွားရေးဆိုင်ရာ မူဝါဒများနှင့် ဆန့်ကျင်ကာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ဆောင်ရွက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့ခြင်း၊ ရာထူးလုပ်ပိုင်ခွင့်အား အသုံးပြု၍ စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများကို လဲလှယ်ပေးခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များထံမှ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများကို လက်ခံရယူခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားငွေများကို တရားမဝင်လက်ဝယ်ထားရှိခြင်း၊ စစ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ အရပ်ဘက်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာ ဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နှစ်ဆယ်နှစ်ကာလနှင့်ညီမျှသော တစ်သက်တစ်ကျွန်းဒဏ်ကိုလည်းကောင်း အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အောက်တိုဘာ ၆ ရက်က အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Remote Control Toy Car ၇၂ ခု အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၈ ရက်က မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Cement Ceiling Board ၁၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၉ ရက်က အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Gasoline Engine အခု ၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀၀) ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Laser Toner Cartridge အခု ၆၄၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Sein Tun MPV တစ်စီးနှင့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **(အပေါ်ပုံ)**၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fancy မလက်ကိုင်အိတ် ၂၁၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၅၄၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၉၄၄၅၄၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။








ထို့ပြင် အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်–မန္တလေးအမြန်လမ်း၊ (၀)မိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Shoes ဖိနပ် အရံ ၂၅၀၊ Super Colour ခေါင်းလျှော်ရည် ၆၈၇၅ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၄၄၃၄၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် (၁) တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၉၄၄၃၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၈ ရက်က ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျားကလေး–ဇာသပြင်–မော်လမြိုင်လမ်း၊ ကျားကလေးကျေးရွာအနီး၌ မြဝတီမြို့မှ ဇာသပြင်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Choco Pie မုန့် ၈၄ ဘူး၊ C-Vitt အချိုရည်ဘူး ၆၀၀၊ Crispy-Joy မုန့်ဘူး ၇၂၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၆၄၄၇၉၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ အောက်တို ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Than Htike Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လင်းမြွေချောင်းကျေးရွာနေ သန်းထိုက်ဦးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းမှ သင်ခန်းစာအားလုံးကို လေ့လာထားရပါမည်။ သင်္ချာပုစ္ဆာများကို အလွတ်ကျက်မှတ်၍ ရေးသားဖြေဆိုခြင်းမျိုးမဖြစ်သင့်ပါ။ မေးထားသည့်ပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲတွင် Non-programmable Calculator ကို အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A**၊ **Section B**၊ **Section C** နှင့် **Section D** အပိုင်း ၄ ပိုင်း ပါရှိပါသည်။

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန် ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့် ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန်လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ဖြစ်ပါသည်။
- အခန်း ၇ (Section 7.1, Section 7.2, Section 7.3, Section 7.4) နှင့် အခန်း ၈ (Section 8.1, Section 8.3) တို့မှ ၁၅ မှတ် ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5)၊ အခန်း ၈ (Section 8.2, Section 8.4) နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ တို့မှ အမှတ် ၃၀ ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည့် Answer ALL Questions ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများ ဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | – | – | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | – | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | – | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | – | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit $i$ ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် x အတွက် x သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ x သည် သုည မဟုတ်လျှင် $x^2$ သည် သုညထက်ကြီးသည့်အချက်အရ ညီမျှခြင်း $x^2 = -4$ တွင် ကိန်းစစ် အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစား တစ်ခုခု (i ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာလုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2 = -1$ ဖြစ်နေပါက $(2i)^2 = 4i^2 = 4(-1) = -4$ နှင့် $(-2i)^2 = 4i^2 = 4(-1) = -4$ ဖြစ်သည့်အတွက် $x^2 = -4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေနှစ်ခု ရရှိပါမည်။ ထို့ကြောင့် $i$ နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန်အတွက် Complex number x + y$i$ ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y) တို့၏ Equality နှင့် ပေါင်းခြင်း၊ မြှောက်ခြင်း Operation တို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate, Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များ ရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာ၏ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရမည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားသော Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။

ပုစ္ဆာတွင် ဖော်ပြထားသော Statement သည် မည်သည့်သဘာဝကိန်း n မှစ၍ မှန်ကန်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပါ။ သဘာဝကိန်း 5 နှင့် ယင်းထက်ကြီးသောကိန်းများအတွက်သာ မှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့်ပြိုင်နေသော ပြင်ညီများ၊ ထောင့်မတ်ကျနေသော မျဉ်းများ၏ Equations နှင့် Directed Values, Parallel Lines, Skew Lines နှင့် Perpendicular Lines များကို ဖော်ပြထားသည်။ Directed Values များကိုအသုံးပြု၍ Coordinates form of the Line Equation $(x, y, z) = (x_1 + lk, y_1 + km, z_1 + kn)$ ရေးသည်။ Directed Values များ သုညနှင့် မတူပါက $\frac{x - x_1}{l} = \frac{y - y_1}{m} = \frac{z - z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ်သုံးမှတ်ကို သိလျှင် Plane Equation ကို ရှာနိုင်ပြီး Sphere တစ်ခု၏ Center နှင့် Radius တို့ကို သိလျှင် ထို Sphere Equation ကိုရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three-dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများ မြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့် တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two-dimensional နှင့် Three-dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three-dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်။ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်း သိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကိုရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကို အသုံးပြု၍ plane ညီမျှခြင်းရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာ တွက်ချက်မှုများကို ပြုလုပ်ရမည်ဖြစ်ပါသည်။ Permutation ဆိုသည်မှာ An Ordered Arrangement တစ်ခုကိုဆိုလိုခြင်းဖြစ်ပြီး Combination ဆိုသည်မှာ An Unordered Collection တစ်နည်းအားဖြင့် Choice တစ်ခုပင်ဖြစ်သည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, $^nP_r$, $^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ် သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်း အရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့်ရှာနိုင်ပုံ၊ ယင်းတို့ကို အခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုပါသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်)များ ဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရပါမည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန် စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို(h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x-h)^2 + (y-k)^2 = r^2$ ကို ဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2 + y^2 + 2gx + 2fy + c = 0$ ကို စက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2 + y^2 + 2gx + 2fy + c = 0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x+g)^2 + (y+f)^2 = g^2 + f^2 - c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို (−g, −f)နှင့် အချင်းဝက် $\sqrt{g^2 + f^2 - c}$ ရသည်။ ဆက်လက်ပြီး parabola equation များအကြောင်းကို တင်ပြထားသည်။ $y^2 = 4px$ ၌ axis of symmetry သည် x – axis (horizontal axis, y = 0) ဖြစ်သည်။ Focus သည် (p, 0) အမှတ်ဖြစ်ပြီး directrix သည် x = −p မျဉ်းဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။ ထိုနည်းတူစွာ $y^2 = -4px$, $x^2 = 4py$ နှင့် $x^2 = -4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y-k)^2 = 4p(x-h)$, $(y-k)^2 = -4p(x-h)$, $(x-h)^2 = 4p(y-k)$ နှင့် $(x-h)^2 = -4p(y-k)$ အတွက်လည်း စဉ်းစားနိုင်သည်။ Rotation of Axes သုံးရသော ပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကို သတိထားတွက်သင့်သည်။

**Chapter 7 Trigonometric Functions** အခန်းတွင် Trigonometric function ခြောက်မျိုးဖြစ်သော Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ (၂) မျိုးဖြင့် မေးနိုင်သည်။ ပထမပုံစံမှာ "From the graph of $y = \sin x$, draw step-by-step transformation graphs to get the graph of $y = 2\sin\frac{\pi}{2}x$." ဖြစ်သည်။ ဖြေဆိုရာတွင် $y = \sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကို ဆွဲသားပေးရမည်ဖြစ်သဖြင့် Graph တစ်ခုထဲတွင် curve သုံးကြောင်း ဆွဲသားရမည်။ နောက်ဆုံးအဖြေဖြစ်သော $y = 2\sin\frac{\pi}{2}x$ တွင် Five key points: maximum point, minimum point နှင့် x-intercepts တို့

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပြည့်စုံစွာပါဝင်ရမည်။ ဒုတိယပုံစံမှာ “Draw the graph of $y = 2\sin\frac{\pi}{2}x$.” ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ ယင်းမေးခွန်းကို ဖြေဆိုရာတွင် Graph ထဲတွင် $y = 2\sin\frac{\pi}{2}x$ ၏ curve တစ်ကြောင်းသာ ဆွဲသားရန်လိုအပ်ပြီး Five key points: maximum point, minimum point နှင့် x–intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ထို့အပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင်လေ့ကျင့်ထားရန် လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်စေလိုပါသည်။

**Chapter 8 Logarithmic and Exponential Functions** အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင်ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင် ပြည့်စုံအောင်ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range နှင့် Asymptote Line များကိုလည်း သိထားရမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင်လေ့ကျင့်ထားရန် လိုအပ်သည်ကို ထပ်မံသတိပေးပါသည်။

**Chapter 9 Application of Differentiation** အခန်းတွင် Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test (သို့မဟုတ်) Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်းဟူသောအချက်များ သိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

**Chapter 10 Methods of Integration** အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions တို့ကို Integration လုပ်ခြင်း၊ Integration ၏ အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Part Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

**Chapter 11 Application of Integration** အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန်တွက်တတ်ရပါမည်။ အခန်း (၁၀)တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များအစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x–axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်း သိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကိုသတိပြုပါ။

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးပါ။
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့် မေးခွန်းကို မေးခွန်းနံပါတ်တပ်၍ ဖြေဆိုပါ။ (မေးခွန်းနံပါတ်အစဉ်အတိုင်း ဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

**2024**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATIONS**

**MATHEMATICS** **Time: 3 hours**

Answer ALL Questions. Write your answers in the answer booklet.

**Section A (Each question carries 1 mark.)**

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3,Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
9. Chapter 10
10. Chapter 11

**Section B (Each question carries 2 marks.)**

Write only the solution of each question. (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

**Section C (Each question carries 3 marks.)**

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Grade 12 Chapter 5
26. Grade 12 Chapter 6
27. Grade 12 Chapter 8 Section 8.1, Section 8.3
28. Grade 12 Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Grade 12 Chapter 10
30. Grade 12 Chapter 11

**Section D (Each question carries 5 marks.)**

31. Grade 12 Chapter 1
32. Grade 12 Chapter 2
33. Grade 12 Chapter 3, Chapter 4
34. Grade 12 Chapter 5
35. Grade 12 Chapter 6
36. Grade 12 Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Grade 12 Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
38. Grade 12 Chapter 11

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံတွင် စစ်တွေနည်းပညာတက္ကသိုလ်မှ လေ့လာရေးအဖွဲ့များ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံသို့ စစ်တွေ နည်းပညာတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာမ နှစ်ဦးနှင့် အီလက်ထရောနစ် အင်ဂျင်နီယာ ဘာသာရပ် (EC) ပထမနှစ် အထူးပြု ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့သည် ယနေ့ နံနက်ပိုင်းက လာရောက်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

ရှေးဦးစွာ စစ်တွေ ထပ်ဆင့်လွှင့်စက်ရုံ အင်ဂျင်နီယာမှူး ဦးကိုကိုမင်းက ရှင်းလင်းပြောကြားခြင်း၊ လေ့လာရေးအဖွဲ့များ စက်ရုံအတွင်း ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ပြီးနောက် လေ့လာရေးအဖွဲ့များမှ သိရှိလိုသည်များ မေးမြန်းမှုအပေါ်တာဝန်ရှိသူများက ရှင်းလင်းသည်။

အဆိုပါ စစ်တွေနည်းပညာတက္ကသိုလ်မှ အီလက်ထရောနစ် အင်ဂျင်နီယာ ဘာသာရပ် (EC) ပထမနှစ်အထူးပြု ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့သည် စစ်တွေ ထပ်ဆင့်လွှင့် စက်ရုံတွင် အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ကွင်းဆင်း လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



သစ်ပင်
နည်းလာ
တို့ကမ္ဘာ၊
လွန်စွာ
ပူအေး
ဥတုဘေး



## မြဝတီမြို့၌ ကျောင်းနေအရွယ်ကလေးများ အာဟာရပြည့်ဝစေရေး နွားနို့တိုက်ကျွေး

**မြဝတီ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ် မြဝတီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောင်းနေအရွယ်ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးပြီး ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းစေရန် ရည်ရွယ်၍ နွားနို့တိုက်ကျွေးရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စောနေစိုးမြကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် တိုက်ကျွေးသည်။

ဦးစွာ မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး နိုင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင့်လွင်က နို့တိုက်ကျွေးပေးရခြင်းအကျိုးကျေးဇူးနှင့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက်များက ကျောင်းသား ကျောင်းသူ ၇၀၀ တို့အား အာဟာရပြည့်ဝစေရန် နွားနို့ဘူး ၇၀၀၊ ကြက်ဥအလုံး ၇၀၀ တို့ကို တစ်ဦးချင်း တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးသည် အောက်တိုဘာ ၅ ရက်က တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်ရုံး ရတနာပူရ လက်မှုနှင့် အနုပညာဗိမာန် အရောင်းဆိုင်၊ မန္တလေးနို့ချက်စက်ရုံ လုပ်ငန်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒါရိုက်တာဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြစဉ်။ ထွဏ်းလှအောင်(မန္တလေး)

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## အခြေခံပညာအထက်တန်းကျောင်း (အင်းတော်) ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**အင်းတော် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း (အင်းတော်) ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မပြုလုပ်ရသေးသော ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက် –၂ ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၈ ရက်က အင်းတော်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက ဆောင်ရွက်ပေးသည်။



မိမိတို့အနေဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား နှစ်စဉ် ကျောင်းဖွင့်ရာသီများတွင် စာသင်ချိန်မပျက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် ရရှိနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခု ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်–၂ အရ အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း(အင်းတော်)တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူး ဦးစံတင်ဦးက ပြောသည်။ အဆိုပါ ပန်းခင်းစီမံချက် –၂ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးသည့် နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အင်းတော်မြို့နယ်ရုံး အနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း(အင်းတော်)မှ ကျောင်းသား ကျောင်းသူ ၁၆၀ ခန့်ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အာဟာရဒါနအဖြစ် ကြက်သားဆန်ပြုတ် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကျောက်တော်မြို့နယ် ညောင်ပင်လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်အသိပညာပေးဟောပြော

**ကျောက်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ညောင်ပင်လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြန်ကြားရေးနှင့် မြို့နယ်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက လူငယ်တွေ စာရိတ္တကောင်းရန် လိုအပ်ကြောင်း၊ မကောင်းသောပတ်ဝန်းကျင်၊ အပေါင်း အသင်းမှားများကြောင့် လူငယ်များ၏ စာရိတ္တပျက်စီးရခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် အတွေးအခေါ်၊ အယူအဆမှန်ကန်စေရန် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန် လိုအပ်ကြောင်း စသည့် အကြောင်းအရာများ ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းမြေ့လှိုင်က ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်၊



အထူးကုန်စည်ခွန်နှင့် ရတနာခွန် စသည့်အခွန်အမျိုးအစား ခြောက်မျိုးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့၊**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ – ၁၀ – ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၅ ကျပ် | ၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ပန်းတောင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုမြေဩဇာများပေးအပ်

**ပန်းတောင်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမအသင်းသား တောင်သူများသို့ ဖြူစင်သူကုမ္ပဏီမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော ပုလဲ 50 Kg နှင့် ကွန်ပေါင်း 50 Kg သွင်းအားစုဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ပေးအပ်ရာတွင် ပန်းတောင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်များမှ အသင်းသား ဦးရေ ၁၈၅ ဦး၏ စိုက်ဧက ၄၀၀ အတွက် ပုလဲ 50 Kg နှင့် ကွန်ပေါင်း 50 Kg အိတ် ၈၀၀ အတွက် ငွေကျပ်သိန်း ၈၀ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၅၄၄ | ၄၈၁၇၅၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၁၃၉၈ | ၉၂၃၁၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၂၀၁၆၃ | ၃၄၂၇၇၁၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၈၅၈ | ၂၁၀၂၁၀၀ |
| EFR | ၂၁၅၀ | ၂၁၅၀ | ၄၆၀ | ၁၂၉၅၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၂ | ၁၀၅၆၀၀ |
| MAEPC | ၁၈၅၀ | ၁၈၀၀ | ၆၉၃ | ၁၂၄၇၉၀၀ |

ညီညီ – စုစည်းသည်

## မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့
## မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စက်မှုဇုန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest-EoI) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ကြီးကြပ်မှုဖြင့် မကွေးမြို့တွင် စက်မှုဇုန်အသစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ မကွေးမြို့ စက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း တည်နေရာသည် မကွေး-တောင်တွင်းကြီး ကားလမ်း ၏ တောင်ဘက်(၁) မိုင်ခန့်၊ မကွေးမြို့မှ အရှေ့ဘက်သို့(၃) မိုင်ခန့်၊ မကွေးကွန်ပျူတာ တက္ကသိုလ်မှ တောင်ဘက်သို့(၇) ဖာလုံ ခန့်၊ မကြီးကန် ဓာတ်အားခွဲရုံမှ တောင်ဘက်သို့ ၁.၅ မိုင်ခန့် အကွာတွင် တည်ရှိပြီး စီမံကိန်းဧရိယာမှာ ၄၆၁.၁၄ ဧက ကျယ်ဝန်းပါသည်။

၃။ ရင်းနှီးတည်ဆောက်လိုသော ပြည်တွင်း/ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် မကွေးမြို့ စက်မှုဇုန်အား Developer အနေဖြင့် အကောင်အထည်ဖော်ရန် စိတ်ဝင်စားပါက စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Expression of Interest-EoI)အား အတွင်း ရေးမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လိပ်မူ၍ ၁၆-၁၁-၂၀၂၃ရက်နေ့ ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ EoI အဆိုပြုလွှာပုံစံအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါ လိပ်စာတွင် ၁၆-၁၁-၂၀၂၃ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ပြရမည့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများ-

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းနှင့် EoI လျှောက်လွှာထုတ်ယူလိုကြောင်း တင်ပြစာ
(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ဂ) ရင်းနှီးတည်ဆောက်လိုသူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်း အတွေ့အကြုံ
(ဃ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ဖုန်းနံပါတ် နှင့် email လိပ်စာ၊

(အသေးစိတ်သိရှိလိုပါက- ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဖုန်း-၀၉- ၀၅၁၆၂၂၉၄၊
- ဦးဇော်ထွန်းအောင်၊ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန၊ဖုန်း-၀၉- ၅၃၄၂၄၅၉

## ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ဆုလာဒ်ဝင်း-၈၁" အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0083/10)ရေယာဉ်၏ တန်ချိန်-၂၅.၀၀ အား ဂရန်အမည် ပေါက်ပိုင်ရှင်ဖြစ်သော ဦးဟန်စိန် ၆/မအရ(နိုင်) ၀၆၁၁၅၂ အမည်မှ ဦးအောင်ကျော်ဦး ၆/မအရ(နိုင်)၀၈၂၀၄၀ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ မြိတ်ခရိုင်သို့ လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့် အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၁(က)၊ စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ ၀.၁၁ ဧကအား တနင်္သာရီတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉-၁၂-၁၉၈၉ ရက်စွဲပါ စာအမှတ် ၅၄၀/၅-၄/တဝတ အရ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် ခြံလုပ်သားများနေထိုင်ရန် အိမ်ရာမြေ အဖြစ် အသုံးပြုရန်ဦးရှမ်းဝင်းအား လ/န(၃၉)ခွင့်ပြုမိန့် ချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ) ဦးစိုးသိမ်း၏ အထွေထွေကိုယ်စားလှယ် ရရှိသူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်၁၂၈/၂၀၂၂ဖြင့် ဦးမင်းမင်းထွန်း၊ ဒေါ်တင်ဇာလင်း တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးမင်းမင်းထွန်း ၆/မမန(နိုင်)၁၁၆၆၇၂၊ ဒေါ်တင်ဇာလင်း ၆/မမန(နိုင်)၁၄၄၇၁၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8W/25976, Honda ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်အေး ၅/ကလထ(နိုင်)၁၂၀၂၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒိုက်ဦးမြို့၊ အမှတ် (၁) ဈေးပိုင်း ရပ်ကွက်၊ အောင်ချမ်းသာလမ်းနေ (ဘ)ဦးခင်မောင်ဌေး ၇/ဒဥန(နိုင်) ၀၅၁၁၄၈(မိ) ဒေါ်အေးအေးနှင်း ၇/ဒဥန(နိုင်)၀၆၃၅၅၃၏သမီးဖြစ်သူ မသွင်နေဇော် ၇/ဒဥန(နိုင်) ၁၅၆၁၄၀ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**ဦးခင်မောင်ဌေး-ဒေါ်အေးအေးနှင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁ နှင့် ၅)
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆

ဦးကျော်မင်းထွန်း **နှင့်** ၁။ ဒေါ်လှကျင်
၂။ ဦးသန်းလွင်
၃။ ဒေါ်ခိုင်ခိုင်အေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာ၊ ကျောက်ကန်ကွင်း၊ အမှတ်(၅၉၉)နေ (၁)တရားပြိုင် ဒေါ်လှကျင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၄)လမ်း၊ အမှတ်(၆၃၄) နေ (၂)တရားပြိုင် ဦးသန်းလွင်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရှမ်းစု၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂၅၁)နေ (၃)တရားပြိုင် ဒေါ်ခိုင်ခိုင်အေး(ယခုနေရပ် လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ကြီးတစ်ရပ်ချုပ်ဆို ပေးစေလိုမှုနှင့် လျှောက်ထားတရားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၉ရက် (၁၃၈၅ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပုည)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မှော်ဘီခရိုင်တရားရုံး**

## အမည်မှန်ဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့၊ အထက အဌမ တန်း(A)မှ (ဘ)ဦးညီသိန်း ၁၁/အမန(နိုင်)၀၂၅၃၈၄ ၏သမီး မနှင်းစိုးနိုင်၏ အမည်မှန်မှာ မနှင်းစုလှိုင်ဖြစ်ပါကြောင်း။

**မနှင်းစုလှိုင်**

## မိဘအမည်မှန်

သံဖြူဇရပ်မြို့နယ်၊ အထက (ထင်းရှူး) Grade-4မှ ဦးဝေလွန်၏သမီး မယွန်းလဲ့ပိုး၏ ဖခင်အမည်မှန်မှာ ဦးဝေလွင် ၁၀/သဖရ(နိုင်) ၁၃၁၃၈၄ ဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ယဉ်စနိုင်း၏ အမည်မှန်မှာ ဒေါ်ယဉ်စနိုင် ၁၀/သဖရ(နိုင်) ၁၃၉၆၄၈ ဖြစ်ပါကြောင်း။

**ဦးဝေလွင်-ဒေါ်ယဉ်စနိုင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၅/မြို့မအရှေ့ရပ်)၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဦးမောင်မှူး(ခ)ဦးညာဏ်မြင့် ၁၂/မရတ(နိုင်) ၀၀၂၃၉၃(ဘ)ဦးသန်းလှ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၁၈၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၇၈/၂၀၂၃(၁၄-၆-၂၀၂၃)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းသဇင်ခမ်းအောင် ၇/ကတခ(နိုင်) ၁၇၈၆၆၅(ဘ)ဦးမောင်စိန်မှ ဒေါ်ရီလဲ့လဲ့နိုင် ၁/ပတအ(နိုင်) ၀၄၀၀၄၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း (၂) ရပ်ကွက်၊ (၉)လမ်းရှိ မြေကွက်အမှတ် (၂၀၄၆၊ ၂၀၄၇)၊ အလျား ၄၀xအနံ ၆၀ မြေကွက် (၂)ကွက်အား ဦးတင်အောင်အမည်ဖြင့်လည်းကောင်း၊ ဦးစိုးမြင့်အမည်ဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့၊ မြေတိုးချဲ့ရေးကော်မတီမှ ချထားပေးသည့် ဝိုင်းမြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်အမှတ် (၂၀၄၆၊ ၂၀၄၇)အား မူလပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုကာ ဦးသိန်းအောင် ၁၂/ခရန(နိုင်)၀၇၇၁၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး၊ ၆-၁၀-၂၀၂၃ရက်စွဲပါ ဝိုင်းခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်လွှဲပြောင်း ရောင်းချခြင်း၊ စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော ဝိုင်းခြံမြေကွက် (၂)ကွက်၏ တန်ဖိုးငွေများအနက် စရန်ငွေတစ်ချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက် (၂) ကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါ ကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမဥ္ဇူ (LL.B)** | **ဦးလှိုင်မင်းဟန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၇၁၉၈/၂၀၂၁)** | **(စဉ်-၁၄၂၂၆/၂၀၁၈)** |

**အမှတ် (၆၃၇၈)၊ လှိုင်ကော် (၃)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ အမှတ် (၁၄/၄၇၈)၊ ပေါင်းလောင်း (၆)လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၇၅၅၇၉ ပျဉ်းမနားမြို့**




## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင် | ဧရိယာ(ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးတင်ကိုကို | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅-ပြင် ကျောက်ကြီးပြင် | ၂၈/၇၉ | ၀.၁၁၉ | အသစ် |
| ၂ | ဦးဇော်ဝင်း | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅-ပြင် ကျောက်ကြီးပြင် | ၂၈/၂၂ | ၀.၀၈၆ | အသစ် |
| ၃ | မိုဟာမက်စတူလ်(ခ) ဦးသန်းဝင်း | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅-ပြင် ကျောက်ကြီးပြင် | ၂၈/၂၅ | ၀.၀၈၆ | အသစ် |
| ၄ | ဦးသက်ပိုင်စိုး | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅-ပြင် ကျောက်ကြီးပြင် | ၂၈/၂၆ | ၀.၀၈၇ | အသစ် |
| ၅ | ဦးသန်းအုံး | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅-ပြင် ကျောက်ကြီးပြင် | ၂၈/၈၅ | ၀.၀၇၉ | အသစ် |
| ၆ | ဦးစိုင်းမြင့်နိုင်ထွေး | ငွေဆောင် | ရပ်ကွက်-၃ | ၁၉၈၅-ပြင် ကျောက်ကြီးပြင် | ၂၈/၈၉ | ၀.၀၈၄ | အသစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၅)လမ်း၊ အမှတ် ၄၄၇၊ စတုတ္ထထပ်-၅လွှာ(A)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်မြင့် ၁၂/သဃက(နိုင်)၀၄၇၆၇၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးဆန်းဝင်း ၁၁/ပတန(နိုင်)၀၄၀၇၇၈ ၊ ဒေါ်အေးအေးမော် ၁၁/ မပတ(နိုင်)၀၄၃၀၉၀ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ်၊ အထက(အေးမွန်) Grade- 8 မှ မမေမြတ်သော်နှင့် Grade- 11 မှ မောင်ရဲမင်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးနိုင် ၇/ ကဝန(နိုင်) ၁၂၂၄၇၀ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အောင်မင်္ဂလာ ၃လမ်းနေ(ဘ)ဦးလှဝေ၏သား ကျွန်တော် မောင်အောင်ကျော်ဇင် ၈/အလန(နိုင်)၂၂၄၄၆၃ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် MF-471007 သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၇၅၁၇၅၅၃၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5419, Mitsubishi Minicab U6H, Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလာတင် ၁၃/တခလ(နိုင်)၀၂၉၉၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/67972 , Dayang-125 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မင်းဘူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/9016 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## အမည်မှန်

မြဝတီမြို့နယ်၊ အထက (ခွဲ) အောင်မြေရွှေဘုံကျောင်း Grade-12မှ နန်းဆွေဆွေလင်း၏ အမည်မှန်မှာ နန်းရွှေရွှေလင်း ဖြစ်ပါကြောင်း။

**နန်းရွှေရွှေလင်း**

## မွေးသက္ကရာဇ်အမှန်

ဦးအိုက်ဒီး၊ ဒေါ်အေဒွမ်တို့၏သား နမ့်ခမ်းမြို့နယ်၊ မန့်ပန် ကျေးရွာနေ မောင်ယိုင်သန်းဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၂၆-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

